# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 15 February 2024 ၁၁၃၇၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ပနိုင်ငံများတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများအနေဖြင့် နိုင်ငံတော်၏ ပကတိအခြေအနေမှန်များကို နိုင်ငံတကာမှသိရှိစေရေး ပြောဆိုဆောင်ရွက်

## နိုင်ငံတကာနှင့် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ အဆင်ပြေကောင်းမွန်ခြင်းဖြင့် မိမိတို့နိုင်ငံအတွက် အကူအညီအထောက်အပံ့ကောင်းများ ရရှိနိုင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ပနိုင်ငံများတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့်သံအမတ်ကြီးများနှင့်သံရုံးယာယီတာဝန်ခံများအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များ၊ ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪





ကြေးမုံ

# ပြည်ထောင်စုစိတ်ဓာတ်ဖြင့်နိုင်ငံကာကွယ်

မြန်မာနိုင်ငံတွင် အများပြည်သူတို့၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီစနစ်ကို ခိုင်မာအောင်တည်ဆောက်၍ ရေရှည်လျှောက်လှမ်းနိုင်အောင် ဆောင်ရွက်လျက်ရှိသည်။ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ ဖြစ်ပေါ်လာစေရေးအတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးသဖြင့် တည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်လုံခြုံရေးအဖွဲ့အစည်းများက နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခုအခါ နိုင်ငံတော်နှင့် မြို့ရွာများ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးကို အထောက်အကူဖြစ်စေမည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်စေခဲ့သည်။ တစ်ဆက်တည်းတွင် အရန်တပ်ဖွဲ့ဥပဒေကို အသက်ဝင်စေပြီး အားဖြည့်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါဥပဒေများနှင့်ပတ်သက်၍ ပြည်သူများကြားတွင် ပြောဆိုဝေဖန်သံများကြားလာရသည်။ ဆန့်ကျင်ဘက် အဖျက်အဖွဲ့အစည်းများက သွေးထိုးလှုံ့ဆော် အနှောင့်အယှက်ပေးလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေသည် ယခုမှပေါ်ပေါက်လာသော ဥပဒေအသစ်မဟုတ်ပေ။ လွတ်လပ်ရေးရပြီးကတည်းက ခေတ်အဆက်ဆက်ရှိခဲ့သော ဥပဒေဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကာကွယ်ရေး၊ အထူးသဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက် ပြဋ္ဌာန်းခဲ့သောဥပဒေဖြစ်သည်။ တိုင်းပြည်၏ လိုအပ်ချက်အနေအထားပေါ်မူတည်၍ အကောင်အထည်မဖော်ခဲ့သေးသော်လည်း ယခုအခါ နိုင်ငံတော်၏ အနာဂတ်အတွက် မြော်တွေးဆောင်ရွက်ရမည့်အခြေအနေရှိလာသည်။

ယင်းဥပဒေနှင့်ပတ်သက်၍ "တွက်ချက်ချင့်ချိန် ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံအတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ရန်လိုကြောင်း၊ သတ်မှတ်အသက် အပိုင်းအခြားအတွင်းမှ သင့်တင့်လျောက်ပတ်သည့် အင်အားသာ ထမ်းဆောင်ရန်ဖြစ်ပြီး ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာသည့် အခြေအနေဖြစ်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း" ဖေဖော်ဝါရီလ ၁၃ ရက်နေ့က မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးသည် အလိုအပ်ဆုံးအခြေအနေတစ်ခုဖြစ်သည်ကိုတွေ့ရမည်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှသာ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ရည်မှန်းထားသည့် လုပ်ငန်းစဉ်များကိုလည်း အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကတည်းက ယခုအချိန်အထိ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်ရန်ဖြစ်သော်လည်း EAO အချို့သည် စစ်ရေးနည်းလမ်းဖြင့် ဆက်လက်လုပ်ကိုင်နေသောကြောင့် တိုင်းပြည်အနာဂတ်ကိုမြော်တွေး၍ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ကိုင်ကြရမည်သာဖြစ်သည်။

လက်ရှိတွင် ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသားပြည်သူများကို ထိပါးစော်ကားမှုများ တိုးလာသဖြင့် မခံမရပ်နိုင်သော ပြည်သူများလည်း များလာသည်။ ပြည်သူများတွင် စစ်မှုထမ်းဟောင်းများအနေဖြင့်လည်း နိုင်ငံတော် ကာကွယ်ရေးအင်အားတွင် ပြန်လည်ထမ်းဆောင်ရန် တောင်းဆိုမှုများ များပြားလာသဖြင့် ရှိပြီးဖြစ်သည့် အရန်တပ်ဖွဲ့ဥပဒေ အာဏာတည်သည့်အမိန့် ထုတ်ဆင့်ခဲ့သည်ကို တွေ့ရသည်။ ထိုဥပဒေဖြင့် စစ်မှုထမ်းဟောင်းအားလုံးကို ပြန်လည်ခေါ်ယူမည်ဟု မဆိုလိုဘဲ ခေါ်သင့်ခေါ်ထိုက်သူများကိုသာ ပြန်လည်ခေါ်ယူ တာဝန်ပေးအပ်သွားမည်ဟု သိရသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ဥပဒေနှစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးအင်အား တိုးတက်မြင့်မားလာမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံ၏ စီးပွားရေးမောင်းနှင်အားသည် မဖြစ်မနေကောင်းမွန်နေရန်လိုအပ်သည်။ စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာလျှင် နိုင်ငံရေးမောင်းနှင်အား ကောင်းမွန်မည်ဖြစ်သည်။ ကာကွယ်ရေးမောင်းနှင်အားများလည်း ကောင်းမွန်လာမည်ဖြစ်သည်။ စီးပွားရေးမောင်းနှင်အားသည် အရေးအကြီးဆုံး ပထမအချက်ဖြစ်ပြီး စီးပွားရေးမောင်းနှင်အားကောင်းမွန်ရန်အတွက် နိုင်ငံလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံကာကွယ်ရေးတွင် နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်ဖြင့် ပြည်သူတစ်ရပ်လုံး ပါဝင်လာရန်လိုအပ်သည်။

သို့ဖြစ်ရာ လက်ရှိတွင် အမျိုးသားသစ္စာဖောက်များနှင့် အဖျက်မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လုပ်ဆောင်နေကြသည်ကိုတွေ့ရမည်ဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ အရာရာကို ဖြောင့်တန်းစွာဆောင်ရွက်နိုင်မည်ဖြစ်၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းပြည်တွင် ကျရောက်လာနိုင်သည့်အန္တရာယ်များကို လက်တွဲညီညာဖယ်ရှားသွားကြရမည် ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်သက် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## စာပေ သို့မဟုတ် အနုပညာလက်ရာများ မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ သိကောင်းစရာများ

စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များ၊ ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်များ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကို အမိန့်ကြော်ငြာစာအမှတ် (၂၁၈/၂၀၂၃)ဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက်နေ့တွင် အာဏာသက်ဝင်ခဲ့ပြီ ဖြစ်ပါသည်။ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စာပေနှင့် အနုပညာလက်ရာများ၊ ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၃)ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၃) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ မှတ်ပုံတင်လျှောက်ထားခြင်းအတွက် လိုအပ်သော လျှောက်လွှာပုံစံများကိုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၂၃) ဖြင့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ စာပေ သို့မဟုတ် အနုပညာလက်ရာ မှတ်ပုံတင်လျှောက်ထားခြင်း၊ ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ် မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ယင်းတို့နှင့်စပ်လျဉ်းသည့် လျှောက်ထားခြင်းများအတွက် လျှောက်လွှာပုံစံအမျိုးအစား (၁၃)မျိုးကို သတ်မှတ်ထုတ်ပြန်ထားပါသည်။ မှတ်ပုံတင်လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့် လျှောက်ထားမှုအမျိုးမျိုးအတွက် ပေးသွင်းရမည့် အခကြေးငွေများကို သတ်မှတ်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။ လျှောက်လွှာ တစ်စောင်ချင်းစီအတွက် သုံးစွဲသူလက်စွဲ (User Guideline) ကိုလည်း ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လျှောက်ထားလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည့်အပြင် အီလက်ထရောနစ်စနစ်ကိုအသုံးပြုပြီး (Online Filing)နှင့်လည်းလျှောက်ထားနိုင်မည်ဖြစ်ပါသည်။ မှတ်ပုံတင်လျှောက်ထားရာတွင် မူပိုင်ခွင့်ပိုင်ရှင်ကိုယ်တိုင်လျှောက်ထားနိုင်သလို ကိုယ်စားလှယ်နှင့်လည်း လျှောက်ထားနိုင်ပါသည်။ နိုင်ငံခြားသားကလျှောက်ထားမည်ဆိုလျှင် မြန်မာနိုင်ငံသားကိုယ်စားလှယ်ကို မဖြစ်မနေခန့်အပ်ပြီး လျှောက်ထားရမည်ဖြစ်ပါသည်။

စာပေနှင့်အနုပညာမူပိုင်ခွင့်သည် မှတ်ပုံတင်ထားသည်ဖြစ်စေ၊ မှတ်ပုံမတင်ထားသည်ဖြစ်စေ မူပိုင်ခွင့်ကို ရရှိမည်ဖြစ်သော်လည်း မူပိုင်ခွင့်မှတ်ပုံတင်ထားခြင်းဖြင့် မူပိုင်ခွင့်အငြင်းပွားမှုများ ဖြစ်ပွားသည့်အခါ မှတ်ပုံတင်လက်မှတ်ကို ခိုင်လုံသော သက်သေအထောက်အထားအဖြစ် တရားစွဲဆိုရာတွင် တင်ပြနိုင်မည်ဖြစ်ပါသည်။

**စာပေနှင့်အနုပညာမူပိုင်ခွင့်ဌာနခွဲ**

## သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၄ - ၂ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၁၁၀ | ၉၄၆,၀၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၅၀ | ၄၂၃ | ၁,၂၂၆,၈၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၁ | ၁,၅၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၂ | ၅,၀၀၀ |
| EFR | ၁,၈၀၀ | ၁,၈၅၀ | ၄၁၀ | ၇၄၁,၀၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၀ | ၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၄ | ၇,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မိမိတို့ လုပ်ဆောင်နိုင်သည့် နယ်ပယ်များအလိုက် လုပ်ဆောင်နိုင်မှုများကို ထိရောက်စွာအသုံးချ၍ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာအရ ဆက်ဆံမှုတိုးမြှင့်နိုင်ရေး ဆောင်ရွက်ရမည်

❂ ရှေ့ဖုံးမှ

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ပြည်ပနိုင်ငံများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် သံအမတ်ကြီးများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။

**နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများအား ရှင်းလင်းပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ အခြေအနေများကို မျက်မြင်တွေ့နိုင်ရေးအတွက် ပြည်ထောင်စုနေ့ အခါသမယတွင် ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် တိုက်ရိုက်သက်ဆိုင်နေသည့် သံတမန်များအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေမှန်ကို သိရှိရန်လိုပြီး လက်ရှိမြန်မာနိုင်ငံ၏အခြေအနေနှင့် ဖြစ်ပေါ်လာသည့် အကြောင်းအရာများကို ပြောကြားလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်လျက်ရှိသည်မှာ သုံးနှစ်ရှိခဲ့ပြီဖြစ်ကြောင်းဖြင့် ဦးစွာပြောကြားပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် အဆိုပါမဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိသည့်အပြင် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်အာဏာကို အတင်းအဓမ္မရယူရန် ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ် အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ခဲ့ရမှု အခြေအနေများ၊ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီးနောက်ပိုင်း ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များနှင့် ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်များအား ထုတ်ပြန်ခဲ့ပြီး တာဝန်ရှိသူများကို ဖော်ထုတ်၍ အရေးယူဆောင်ရွက်ခဲ့မှု အခြေအနေများ၊ စတင်တာဝန်ထမ်းဆောင်စဉ် အစောပိုင်းကာလများ၌ ဆူပူဆန္ဒပြမှုများသာရှိခဲ့သော်လည်း နောက်ပိုင်းတွင် နိုင်ငံရေးအရဖြစ်ပေါ်ခဲ့သည့်ပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းခြင်းမပြုဘဲ အကြမ်းဖက်သည့် နည်းလမ်းကို ရွေးချယ်ခဲ့ကာ တရားမဝင်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG တို့ကိုဖွဲ့စည်း၍ ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများဖြင့် ၂၀၂၂ ခုနှစ်အတွင်း၌ အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာခဲ့သည့် အခြေအနေများ၊ ထိုကဲ့သို့ နိုင်ငံရေးအခက်အခဲ၊ အကျပ်အတည်းများ ဖြစ်ပေါ်ခဲ့သည့်ကြားကပင် ကိုဗစ်-၁၉ ကပ်ရောဂါကိုလည်း သစ္စာရှိအစိုးရဝန်ထမ်းများ၊ ပြည်သူလူထုများ၏ ဝိုင်းဝန်းပါဝင်မှုဖြင့် ဖြေရှင်းနိုင်ခဲ့သည့် အခြေအနေများ၊ ၂၀၂၃ ခုနှစ်အတွင်း၌ PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် နိုင်ငံအတွင်းရှိ အချို့မြို့နယ်များ၌ အကြမ်းဖက်လုပ်ရပ်များကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်လာခဲ့သည့် အခြေအနေများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေဖြင့်လည်း PDF အမည်ခံအကြမ်းဖက်သမားများအား အကြမ်းဖက်သင်တန်းပေးခြင်း၊ လက်နက်၊ ခဲယမ်းများ ရောင်းချပေးခြင်း၊ ၎င်းတို့နှင့် အတူတကွ ပူးပေါင်း၍ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ အလိုမတူသူများအား ခြိမ်းခြောက်သတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လာခဲ့သည့် အခြေအနေများ၊ ထို့ပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏ နယ်မြေများ၌လည်း လက်နက်ကိုင်အကြမ်းဖက်မှုများ ဖြစ်ပေါ်လာခဲ့သောကြောင့် တပ်မတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူများနှင့် အတူတကွ ပူးပေါင်း၍ အကြမ်းဖက်မှု နှိမ်နင်းရေးစစ်ဆင်ရေးကို ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်ပတ်သက်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုများ၊ ငွေကြေးလိမ်လည်မှုများကို အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း တိုက်ဖျက်လျက်ရှိသည့်အခြေအနေများ စသည်ဖြင့် နိုင်ငံအတွင်းဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**နိုင်ငံ့ဝန်ထမ်းများ ပါတီနိုင်ငံရေးကင်းရှင်းရေး**

ဆက်လက်၍ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ နိုင်ငံ့ဝန်ထမ်းအချို့သည်လည်း CDM လှုပ်ရှားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်မှုများရှိခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင်လည်း နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည် ဖြစ်ကြောင်းကို ဥပဒေအရပြဋ္ဌာန်းထားရှိပြီး မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင်လည်း ပါဝင်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများသည် ၎င်းတို့ ထောက်ခံသည့်ပါတီကို မဲပေးနိုင်သည်ဖြစ်သော်လည်း လုပ်ငန်းတာဝန်ထမ်းဆောင်မှုအပေါ် သက်ရောက်မှုမရှိစေရန်လိုကြောင်း၊ ပါတီနိုင်ငံရေးနှင့် နိုင်ငံ့တာဝန်ထမ်းဆောင်မှုကို ကွဲပြားစွာ သိရှိရန်လိုကြောင်း၊ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံ့ဝန်ထမ်းများသည် အစိုးရအတွက် အလုပ်လုပ်ခြင်းမဟုတ်ဘဲ နိုင်ငံအတွက် အလုပ်လုပ်ခြင်းဖြစ်သည်ကို နားလည်သဘောပေါက်ရန်လိုကြောင်း။

- ❖ **မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏ တည်ရှိပုံပထဝီအနေအထားအရ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိပြီး နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်ရန်အတွက် ပြည်ပတွင် တာဝန်ထမ်းဆောင်နေကြသည့် သံတမန်ဝန်ထမ်းများတွင် တာဝန်ရှိ**
- ❖ **ပြည်ပရောက် မြန်မာနိုင်ငံသားများသည် မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံသားများပင်ဖြစ်သည့်အတွက် ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများကို တတ်နိုင်သရွေ့ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိ**

**နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ပကတိအခြေအနေမှန်များကို နိုင်ငံတကာမှသိရှိရေး**

**မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏ တည်ရှိပုံပထဝီအနေအထားအရ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိပြီး နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်ရန်အတွက် ပြည်ပတွင် တာဝန်ထမ်းဆောင်နေကြသည့် သံတမန်ဝန်ထမ်းများတွင် တာဝန်ရှိ**ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်နေသည့် အခြေအနေများကို မျက်ခြည်မပြတ်စေဘဲ မိမိတို့၏ မူဝါဒကို အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်ခုဖြစ်ပြီး နိုင်ငံတကာအသိုင်းအဝိုင်း၊ အဖွဲ့အစည်းများတွင် ပါဝင်နေသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ သို့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးပဋိပက္ခဖြစ်စဉ်များကြောင့် မိမိတို့အပေါ် အရေးယူပိတ်ဆို့မှုများ၊ ဖိအားပေးမှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် အခြေအနေမှန်များနှင့် လက်ရှိဖြစ်ပေါ်နေသည့် **ပကတိအခြေအနေမှန်များကို နိုင်ငံတကာမှသိရှိစေရေးအတွက် သက်ဆိုင်ရာနိုင်ငံများအလိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊** မိမိတို့နိုင်ငံအပြင် အခြားဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့်လည်း အချို့နိုင်ငံကြီးများ၏ မမျှမတဖိအားပေးဆက်ဆံမှုများ၊ နိုင်ငံရေး၊ စီးပွားရေးအရ လွှမ်းမိုးပိတ်ဆို့မှုများကို ကြုံတွေ့နေရမှုများရှိသဖြင့် နိုင်ငံ့အကျိုးစီးပွားအတွက် ကြံ့ကြံ့ခံကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **နိုင်ငံ့အကျိုးအတွက် ပြောသင့်ပြောထိုက်သည်များ၊ လုပ်သင့်လုပ်ထိုက်သည်များကို မိမိတို့တွေ့ကြုံနေရသည့်အခြေအနေများ၊ သံတမန်အတွေ့အကြုံများအရ ချိန်ထိုးချင့်ချိန်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊** မိမိတို့တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံများအလိုက် မြန်မာနိုင်ငံ၏ အခြေအနေမှန်များကို သိရှိစေရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**နယ်ပယ်အလိုက် သံတမန်လုပ်ငန်းရပ်များ အောင်မြင်စေရေးနှင့် ပြည်ပရောက် မြန်မာနိုင်ငံသားများအား အကူအညီပေးရေး**

သံတမန်ဝန်ထမ်းများ၏ သဘောတရားမှာ နယ်ပယ်ပေါင်းစုံ၌ ဆက်ဆံမှုတိုးမြှင့်နိုင်ရေးပင်ဖြစ်ပြီး အရေးကြီးသည့်တာဝန်များကို ထမ်းဆောင်နေရခြင်းဖြစ်ကြောင်း၊ **မိမိတို့ လုပ်ဆောင်နိုင်သည့် နယ်ပယ်များအလိုက် လုပ်ဆောင်နိုင်မှုများကို ထိရောက်စွာအသုံးချ၍ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာအရ ဆက်ဆံမှုတိုးမြှင့်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ထိုကဲ့သို့ ဆက်ဆံမှုတိုးမြှင့်လာပြီး ပုဂ္ဂလိကရေးအရ၊ လုပ်ငန်းသဘောအရ ရင်းနှီးမှုများသည် လုပ်ငန်းတာဝန်များကို အောင်မြင်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် လူမျိုးအပေါ် သစ္စာရှိစွာဖြင့် တာဝန်သိစိတ်၊ တိုင်းပြည်ချစ်စိတ်များဖြင့် တာဝန်ထမ်းဆောင်ကြစေလိုကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ ကုန်သွယ်မှုမြှင့်တင်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများမှ တင်ပို့လိုသည့်ပစ္စည်းများ၊ ၎င်းတို့လိုအပ်သည့်ပစ္စည်းများ၊ မိမိတို့နိုင်ငံမှ တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းများကိုလည်း သိရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံနှင့် နိုင်ငံသားတို့၏ စီးပွားမြှင့်တင်နိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူ အများအပြားရှိသဖြင့် ၎င်းတို့အား အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေး၊ စဉ်ဆက်မပြတ်သည့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရပ်များ ရရှိလာပါက ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများဖြစ်ပေါ်စေပြီး နိုင်ငံအတွက်လည်း အကျိုးရှိနိုင်မည်ဖြစ်သဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

**ပြည်ပရောက် မြန်မာနိုင်ငံသားများသည် မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံသားများပင် ဖြစ်သည့်အတွက် ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများကို တတ်နိုင်သရွေ့ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိ**ကြောင်း၊ မြန်မာနိုင်ငံသားတိုင်းသည် အကြောင်းအမျိုးမျိုးကြောင့်သာ အခြားနိုင်ငံများသို့ ရောက်ရှိနေရသည်ဖြစ်သော်လည်း မြန်မာနိုင်ငံသားဟူသည့် စိတ်ရှိသည်ဖြစ်သဖြင့် ၎င်းတို့အတွက် အင်အားတစ်ခုရရှိစေရေး၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိစေရေးအတွက် သံတမန်ဝန်ထမ်းများအနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း ရေခြားမြေခြားတွင် နိုင်ငံ့တာဝန်များကို သွားရောက် တာဝန်ထမ်းဆောင်နေသည့် သံတမန်ဝန်ထမ်းများ၏ ရသင့်ရထိုက်သည့် ရပိုင်ခွင့်များ၊ အကျိုးခံစားခွင့်များရရှိစေရေးအတွက်လည်း တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သံတမန်ဝန်ထမ်းများ နေထိုင်စားသောက်မှုအဆင်ပြေစေရေးအတွက်လည်း လိုအပ်သည်များ ဖြည့်ဆည်းပေးမည်ဖြစ်သဖြင့် မိမိတို့သက်ဆိုင်ရာနိုင်ငံအလိုက် ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြကြရန်လိုကြောင်း။

**ပညာရည်မြှင့်တင်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရေး**

မိမိတို့နိုင်ငံအနေဖြင့် ပညာရေးအရ အားနည်းချက်များ များစွာရှိနေသေးသည်ကို စစ်တမ်းများအရ တွေ့ရှိရပြီး မိမိတို့တာဝန်ယူချိန်တွင် ပညာရည်မြှင့်တင်မှုလုပ်ငန်းရပ်များကို မဖြစ်မနေကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် နိုင်ငံရေးအကျပ်အတည်းများကြားကပင် ကျောင်းများအားလုံးဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင်လည်း အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဖွင့်လှစ်ရန် လုံးဝမဖြစ်နိုင်သည့် အချို့သောကျောင်းများမှအပ ကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များအားလုံးကို ဖွင့်လှစ်ပေးလျက်ရှိပြီး ပညာရည်မြှင့်တင်မှု စဉ်ဆက်မပြတ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ **သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများအနေဖြင့်လည်း မိမိတို့တာဝန်ထမ်းဆောင်ရာ နိုင်ငံများအလိုက် ပညာရည်မြှင့်တင်ရေးဆောင်ရွက်မှုများ၊ ပညာရေးအားပေးဆောင်ရွက်မှုအခြေအနေများကို လေ့လာ၍ တင်ပြကြစေလို**ပြီး မိမိတို့ နိုင်ငံနှင့်ကိုက်ညီသည်များကို အတုယူဆောင်ရွက်ခြင်းဖြင့် ပညာရေးကို မြှင့်တင်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရေးသည် တိုင်းပြည်၏ အနာဂတ်ပင်ဖြစ်ကြောင်း၊ ပညာရေးအားနည်းချက်သည် နောင်အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်ပြီးကောင်းမွန်သည့် နိုင်ငံတော်တည်ဆောက်ရေးတွင် အခက်အခဲများ ဖြစ်ပေါ်စေနိုင်သောကြောင့် **ပညာရေးကို မိမိတို့အနေဖြင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာအရ မဖြစ်မနေ အားပေးဆောင်ရွက်လျက်ရှိ**ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နည်းပညာသင် အထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိသကဲ့သို့ အဆင့်မြင့်ပညာသင်ကြားရေး တက္ကသိုလ်များ၊ ကောလိပ်များ၊ လက်ရှိနည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ အခြေအနေနှင့် ဖြစ်ပေါ်လာမည့် အခြေအနေ ဆန်းစစ်ချက်များနှင့် ပိုမိုကျယ်ပြန့်သည့် သင်ကြားသင်ယူမှုနယ်ပယ်များ ထည့်သွင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်ပညာရေးသည် အရေးကြီးသည့် ပညာရေးတစ်ခုဖြစ်ပြီး နိုင်ငံတော်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး **စာမျက်နှာ ၄ သို့** ❂

## လမ်းပန်းဆက်သွယ်ရေးဝန်ကြီး အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၂၄ / ၂၀၂၄**
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

### လမ်းပန်းဆက်သွယ်ရေးဝန်ကြီး အစားထိုးခန့်အပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ချင်းပြည်နယ်အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးထားသည့် ရဲမှူးကြီး စိုးလွင်မိုး အစား ဦးနေလင်းအောင် အား အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

## လူမှုရေးရာဝန်ကြီးများ အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၂၅ / ၂၀၂၄**
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

### လူမှုရေးရာဝန်ကြီးများ အစားထိုးခန့်အပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ **လူမှုရေးရာဝန်ကြီးများ** အား ယှဉ်တွဲပါအတိုင်း အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်-

( ၁ ) **ကယားပြည်နယ်အစိုးရအဖွဲ့**
ဦးရဲရင့်ထွန်း **အစား** ဦးအောင်မျိုးသိန်း
( ၂ ) **ချင်းပြည်နယ်အစိုးရအဖွဲ့**
ဦးကျော်စိုးဝင်း **အစား** ဦးဝင်းဇော်ဦး
( ၃ ) **မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
ဦးဝင်းရဲထွန်း **အစား** ဦးမျိုးမြင့်
( ၄ ) **ရခိုင်ပြည်နယ်အစိုးရအဖွဲ့**
ဦးစောနိုင် **အစား** ဦးသက်ထွန်း

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

✪ စာမျက်နှာ ၃ မှ

မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများအနေဖြင့်လည်း နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှု အခန်းကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းကြရန်လိုကြောင်း။

**ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ဥပဒေ**

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ဥပဒေကို နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများအရ ထုတ်ပြန်ခဲ့ကြောင်း၊ **နိုင်ငံသားတိုင်းတွင် နိုင်ငံတော်ကာကွယ်ရန် တာဝန်ရှိသည်ဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ယခင်ကတည်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက်ဖြစ်**ပြီး ယင်းဥပဒေနှင့် ပတ်သက်၍ တွက်ချက်ချင့်ချိန်ဆောင်ရွက်သွားမည်ဖြစ်ပြီး **သတ်မှတ်အသက်အပိုင်းအခြားအတွင်းမှ သင့်တင့်လျောက်ပတ်သည့်အင်အားကိုသာ တာဝန်ထမ်းဆောင်ရန်ဖြစ်**ကာ နိုင်ငံအတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **အရန်တပ်ဖွဲ့ဥပဒေနှင့် ပတ်သက်၍လည်း စစ်မှုထမ်းဟောင်းအားလုံးကို ပြန်လည်ခေါ်ယူမည်ဟု မဆိုလိုဘဲ ခေါ်သင့်ခေါ်ထိုက်သူများကိုသာ ပြန်လည်ခေါ်ယူတာဝန်ပေးအပ်သွားမည်ဖြစ်**ကြောင်း၊ ယင်းဥပဒေနှစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကာကွယ်ရေးအင်အားကို တိုးမြှင့်လာစေမည်ဖြစ်ကြောင်း၊ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ အနေဖြင့်လည်း ယင်းဥပဒေနှစ်ရပ်၏ အဓိပ္ပာယ်ကို ခြေခြေမြစ်မြစ်သိရှိအောင် လေ့လာကြရန်နှင့်သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ရောက်ရှိပါက ဥပဒေအသက်သွင်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားနိုင်ရန်လိုကြောင်း။

သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများသည် နိုင်ငံတကာတွင် နိုင်ငံ့အတွက် အရေးပါသည့် လုပ်ငန်းရပ်များကို တာဝန်ထမ်းဆောင်နေရသူများဖြစ်သည့်အတွက် နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေမှန်များနှင့် ဖြစ်ပေါ်နေသည့်အခြေအနေများကို အမှန်အတိုင်းသိရှိစေရေးအတွက် ယခုကဲ့သို့

> **❖ နိုင်ငံသားတိုင်းတွင် နိုင်ငံတော်ကာကွယ်ရန် တာဝန်ရှိသည်ဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ယခင်ကတည်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန် အတွက်ဖြစ်**

ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြောကြားရခြင်းဖြစ်ကြောင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးအတွက် မိမိတို့၏ တာဝန်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြားရေးမူဝါဒများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ နိုင်ငံတကာ သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

၎င်းနောက် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများက သက်ဆိုင်ရာနိုင်ငံများအလိုက် နှစ်နိုင်ငံဆက်ဆံရေးအခြေအနေများနှင့် ဆက်ဆံမှုတိုးမြှင့်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံများ၏ မြန်မာနိုင်ငံအပေါ်ထားရှိသည့် သဘောထားများနှင့် သံတမန်ရေးရာကိစ္စရပ်များ ဆောင်ရွက်နေမှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အနွံ့မရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အနိုင်ရသည့်ပါတီအား နိုင်ငံ့တာဝန်များကို ပြန်လည်လွှဲပြောင်းပေးနိုင်ရေး** ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်ရာတွင် သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေး ကျင်းပနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွှတ်တော်အသီးသီးတွင် ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ် အရေအတွက်သည် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များထက် ပိုမိုများပြားနေရန် လိုအပ်ကြောင်း၊ သို့မှသာ သိက္ခာရှိသည့်ရွေးကောက်ပွဲ ဖြစ်မည်ဖြစ်ပြီး လွှတ်တော်များအတွင်း၌လည်း အပြန်အလှန်ထိန်းကျောင်းနိုင်ရန် လိုအပ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲ မဲစာရင်းမှားယွင်းမှုများကို သင်ခန်းစာယူ၍ ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးဆောင်ရွက်ရာတွင် မဲစာရင်းများမှန်ကန်မှုရှိစေရေးနှင့် ဆန္ဒမဲပေးခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်စာရင်း မှန်ကန်မှုရှိစေရေးနှင့် နောင်တက်လာမည့် အစိုးရအနေဖြင့် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများ ရေးဆွဲချမှတ်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိကြောင်း၊ မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် ရှင်းလင်းလွယ်ကူစွာ မဲပေးနိုင်ရေး၊ မဲရလဒ်မှန်ကန်ရေး၊ ပယ်မဲမရှိရေး၊ မဲမသမာမှုမပြုလုပ်နိုင်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine)နှင့် စပ်လျဉ်းသည့် ရှင်းလင်းပြသခြင်းများ၊ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တင်ပြချက်များတွင်ပါဝင်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသူများအား ပြန်လည်လက်ခံနိုင်ရေးအတွက်လည်း မိမိတို့သတ်မှတ်ထားသည့် အချက်များနှင့် ကိုက်ညီမှုရှိပါက ပြန်လည်လက်ခံရန် မိမိတို့အနေဖြင့် အသင့်ရှိကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ ပြဿနာအနည်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် **ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်လျက်ရှိ**ကြောင်း၊ မီဒီယာများမှ လှုံ့ဆော်မှုများ၊ သွေးထိုးမှုများသည် ပြည်ထောင်စုကြီးစည်းလုံးညီညွတ်မှုကို ပြိုကွဲစေနိုင်သည် ဖြစ်သောကြောင့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများအနေဖြင့်လည်း နိုင်ငံတော်၏ ပကတိအခြေအနေမှန်များကို နိုင်ငံတကာမှသိရှိစေရေး ပြောဆိုဆောင်ရွက်နိုင်ရန်လိုကြောင်း။

သက်ဆိုင်ရာနိုင်ငံများအလိုက် **မိမိတို့နိုင်ငံမှ ပညာတော်သင်များနှင့် ပတ်သက်၍လည်း သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများအနေဖြင့် လိုအပ်သည်များ စောင့်ရှောက်ပေးရန်လို**ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသူများ၊ ပညာတော်သင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများ၊ ၎င်းတို့၏ လိုအပ်ချက်နှင့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းတို့ဖြင့် နွေးထွေးသည့်စောင့်ရှောက်မှုများကို လုပ်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ **နိုင်ငံတကာနှင့် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ အဆင်ပြေကောင်းမွန်ခြင်းဖြင့် မိမိတို့နိုင်ငံအတွက် အကူအညီ အထောက်အပံ့ကောင်းများ ရရှိနိုင်မည်ဖြစ်**သည့်အတွက်သံတမန်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် တိုင်းပြည်ချစ်စိတ်ဖြင့် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကာကွယ်ရေးဝန်ကြီးဌာန**
**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**
အမိန့်ကြော်ငြာစာအမှတ်၊ ၁ /၂၀၂၄
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

**နေပြည်တော်ကောင်စီ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်ကိုထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ ၇ အရ နေပြည်တော်ကောင်စီ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းလိုက်သည်-

(က) နေပြည်တော်ကောင်စီဥက္ကဋ္ဌ — ဥက္ကဋ္ဌ
(ခ) ဒုတိယတိုင်းမှူး
နေပြည်တော်တိုင်းစစ်ဌာနချုပ် — ဒုတိယဥက္ကဋ္ဌ(၁)
(ဂ) နေပြည်တော်ကောင်စီဝင်၊ အဖွဲ့ဝင် ၁ — ဒုတိယဥက္ကဋ္ဌ(၂)
(ဃ) နေပြည်တော်ကောင်စီဝင်၊ အဖွဲ့ဝင် ၃ — အဖွဲ့ဝင်
(င) ညွှန်ကြားရေးမှူးချုပ်
ဥပဒေရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်
(စ) ဦးစီးဗိုလ်မှူးကြီး(စစ်ရေး)
နေပြည်တော်တိုင်းစစ်ဌာနချုပ် — အဖွဲ့ဝင်
(ဆ) ရဲတပ်ဖွဲ့မှူး
နေပြည်တော်ရဲတပ်ဖွဲ့ — အဖွဲ့ဝင်
(ဇ) နေပြည်တော်ကောင်စီဦးစီးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်
(ဈ) အုပ်ချုပ်ရေးမှူး
နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

ဥက္ကဋ္ဌ
ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကာကွယ်ရေးဝန်ကြီးဌာန**
**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**
အမိန့်ကြော်ငြာစာအမှတ်၊ ၂ /၂၀၂၄
၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်ကိုထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ ၇ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းလိုက်သည်-

(က) ဝန်ကြီးချုပ်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ — ဥက္ကဋ္ဌ
(ခ) ဒုတိယတိုင်းမှူး
သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် — ဒုတိယဥက္ကဋ္ဌ(၁)
(ဂ) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ — ဒုတိယဥက္ကဋ္ဌ(၂)
(ဃ) လူမှုရေးရာဝန်ကြီး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်
(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ် — အဖွဲ့ဝင်
(စ) ဦးစီးဗိုလ်မှူးကြီး(စစ်ရေး)
သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် — အဖွဲ့ဝင်
(ဆ) ရဲတပ်ဖွဲ့မှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့ — အဖွဲ့ဝင်
(ဇ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်
(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး — အတွင်းရေးမှူး

ဥက္ကဋ္ဌ
ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းနိုင်

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ မဟုတ်မမှန်ဝါဒဖြန့်ချိမှုများနှင့် ကောလာဟလသတင်းများကြောင့် ပြည်သူများထင်ယောင်ထင်မှားမဖြစ်စေရန်အတွက် ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိရှိလိုသည့်အချက်များကို ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-

(၁) ၀၆၇-၃၄၀၄၉၁၁
(၂) ၀၆၇-၃၄၀၄၉၂၂
(၃) ၀၆၇-၃၄၀၄၉၃၃
(၄) ၀၆၇-၃၄၀၄၉၄၄
(၅) ၀၆၇-၃၄၀၄၉၅၅

စုံစမ်းမေးမြန်းခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

## မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး မစ္စစ် ပွန်နမ်ပီရူမား အာရာချ်ချီဂီ ပရာဘာရှီနီ ပွန်နမ်ပီရူမား အား ခန့်အပ်ရန်သဘောတူညီ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျေ အမ် ဂျန်နကာ ပရီယန်သာ ဘန်ဒါရာ နေရာတွင် မစ္စစ် ပွန်နမ်ပီရူမား အာရာချ်ချီဂီ ပရာဘာရှီနီ ပွန်နမ်ပီရူမား အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စစ် ပွန်နမ်ပီရူမား အာရာချ်ချီဂီ ပရာဘာရှီနီ ပွန်နမ်ပီရူမားကို ၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် ၁၉၉၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ဒေလီတက္ကသိုလ်မှ သိပ္ပံဂုဏ်ထူးဘွဲ့ (သတ္တဗေဒ)ကိုလည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၊ ဆရီဂျယာဝါဒီနာပူရာတက္ကသိုလ်မှ မဟာသိပ္ပံဘွဲ့ (ရေသတ္တဝါအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငါးလုပ်ငန်း)ကိုလည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် သြစတြေးလျနိုင်ငံ၊ မိုနာ့ရှ်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ (နိုင်ငံတကာဆက်ဆံရေး)ကိုလည်းကောင်း ရရှိခဲ့သည်။

၎င်းသည် ၂၀၀၃ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် စတင်ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အမေရိကန်ပြည်ထောင်စုရှိ သီရိလင်္ကာသံရုံး၊ မလေးရှားနိုင်ငံရှိ သီရိလင်္ကာမဟာမင်းကြီးရုံး၊ ဘယ်လ်ဂျီယံနိုင်ငံရှိ သီရိလင်္ကာသံရုံး/ဥရောပသမဂ္ဂဆိုင်ရာ သီရိလင်္ကာအမြဲတမ်းကိုယ်စားလှယ် အဖွဲ့ရုံးနှင့် အီတလီနိုင်ငံရှိ သီရိလင်္ကာကောင်စစ်ဝန်ချုပ်ရုံးတို့၌ သံတမန်ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စစ် ပွန်နမ်ပီရူမား အာရာချ်ချီဂီ ပရာဘာရှီနီ ပွန်နမ်ပီရူမားသည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ လက်ရှိအချိန်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဖရိကဌာနတွင် ခေတ္တ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားတစ်ဦးရှိသည်။

## မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ အင်မရန် ဟိုက်ဒါ အား ခန့်အပ်ရန်သဘောတူညီ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ အင်မရန် ဟိုက်ဒါ အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အင်မရန် ဟိုက်ဒါ ကို ပါကစ္စတန်နိုင်ငံ၊ လာဟိုးမြို့၌ ၁၉၆၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၈၅ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ ပါကစ္စတန်နိုင်ငံ၊ လာဟိုးမြို့ရှိ အစိုးရကောလိပ်တွင် အထက်တန်းကို တက်ရောက်အောင်မြင်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ၊ လာဟိုးမြို့ရှိ အစိုးရကောလိပ်မှ ဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ၊ လာဟိုးမြို့ရှိ ပန်ဂျပ်တက္ကသိုလ်မှ အင်္ဂလိပ်ဘာသာနှင့် စာပေပိုင်းဆိုင်ရာ မဟာဘွဲ့ကိုလည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် သြစတြေးလျနိုင်ငံ၊ ကာတင်တက္ကသိုလ်မှ လူ့အခွင့်အရေးဆိုင်ရာ မဟာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

၎င်းသည် ဝင်ငွေခွန်ဌာနတွင် လက်ထောက်ကော်မရှင်နာအဖြစ် ၁၉၉၅ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၉၆ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ ပါကစ္စတန်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံး၊ အိန္ဒိယနိုင်ငံဆိုင်ရာ ပါကစ္စတန်မဟာမင်းကြီးရုံး၊ စပိန်နိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံး၊ အီရန်နိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံးတို့၌ သံတမန်ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ တာဂျစ်ကစ္စတန်နိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ အင်မရန် ဟိုက်ဒါ သည် ၂၀၂၃ ခုနှစ်၊ ဧပြီလမှ လက်ရှိအချိန်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဗဟိုအာရှနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဆိုင်ရာဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။

# တို့ပြည်အခြေခိုင်မြဲ မယိုင်လဲအောင် ပေါင်းရုံးလို့ အားအင်ဖြည့်ကြပါစို့....

ကိုရေချမ်း

ယနေ့ကာလမှာ အခြေအနေအချိန်အခါနဲ့ ကိုက်ညီတဲ့ သီချင်းစာသားတစ်ပိုဒ်ကို သတိရမိပါတယ်။ မူရင်းစာဆို ရွှေတိုင်ညွန့်ရေးစပ်ပြီး ခေတ်ဟောင်းအဆိုတော်ကြီး မေလှမြိုင် သီဆိုထားတဲ့ "ဗမာ့ကြွေးကြော်သံ" သီချင်းမှ သံပြိုင်သီဆိုထားတဲ့ သီချင်းစာသားလေးကို လူလတ်ပိုင်း၊ လူကြီးပိုင်းအရွယ်တိုင်း ကြားဖူးကြမှာဖြစ်ပါတယ်။ ဒီသီချင်းသံလေးကို ကြားလိုက်ရတဲ့အခါတိုင်း နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်၊ တိုင်းပြည်ကို ကာကွယ်လိုစိတ်တွေ နိုးကြားထက်သန်စေပါတယ်။

"တာဝန်တွေ ကိုယ်စီ သိထားစေ၊ လိုမည့် သတိတရားတွေ၊ တို့ပြည်ကြီးကို ကာကွယ်လေ၊ တို့ပြည်ကြီးကို ကာကွယ်လေ၊ တို့အခြေခိုင်မြဲ မယိုင်လဲအောင်ပေ၊ (ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေ) ပေါင်းရုံးလို့ အားအင်ဖြည့်ပါလေ" ဆိုတဲ့ သံပြိုင်တေးတစ်ပိုဒ်ဟာ မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့ မြန်မာနိုင်ငံသားတွေအားလုံး နိုင်ငံတော်ကာကွယ်ရေးမှာ ပါဝင်ထမ်းဆောင်ကြဖို့ နှိုးဆော်ပေးထားတာဖြစ်ပါတယ်။ ဒီသီချင်းကို စတင်ရေးဖွဲ့သီဆိုစဉ် အချိန်က လွတ်လပ်ရေးကြိုးပမ်းမှုကာလဖြစ်လို့ ပြည်ပနယ်ချဲ့ကျူးကျော်မှုအန္တရာယ်ကို တွန်းလှန်ဖို့ မြန်မာ့တပ်မတော်ကို စုပေါင်းအားဖြည့်ပေးဖို့ နှိုးဆော်ထားတဲ့သီချင်း ဖြစ်ပါတယ်။

## တိုင်းပြည်ကာကွယ်ရေး

လွတ်လပ်ရေးရရှိပြီးချိန် ကာလမှာလည်း ပြည်ပရန်၊ ပြည်တွင်းရန်တွေကို တွန်းလှန်ကာကွယ်ပေးဖို့ မူရင်း အဆိုပါသီချင်းကိုပဲ ခေတ်အဆက်ဆက် ပြန်လည်သီဆိုခဲ့ကြတာကို တွေ့ရပါတယ်။ တိုင်းပြည်မှာ ပြည်သူဟာ အဓိကဖြစ်ပါတယ်။ ကာကွယ်ရေးအတွက် ပြည်သူ့အားဟာ အဓိကအကျဆုံးဖြစ်ပါတယ်။ တိုင်းပြည်ကို ကာကွယ်ဖို့အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေဟာ စနစ်ကျတဲ့ မဟာဗျူဟာတစ်ခုဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မှာ စစ်မှုထမ်းဥပဒေ ရှိပြီးသားဖြစ်ပါတယ်။ ဒါပေမဲ့ တိုင်းပြည်အတွက် လိုအပ်မှုမရှိသေးတဲ့အတွက် အကျုံးဝင်တဲ့ နိုင်ငံသူ နိုင်ငံသားတွေကို စစ်မှုထမ်းဖို့ ဆင့်ခေါ်တာတွေ မပြုလုပ်ခဲ့ပါဘူး။

နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ လွတ်လပ်ရေးတိုက်ပွဲဝင်ကာလ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလမှာ သခင်အောင်ဆန်း ဦးဆောင်တဲ့ လူငယ်တစ်စုက ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ကို ဖွဲ့စည်းခဲ့ပါတယ်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ အင်အား ၂၀၀ နဲ့ စတင်ဖွဲ့စည်းခဲ့ပြီးတဲ့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော်မှာ စစ်မှုထမ်းဆောင်ဖို့ စည်းရုံးခဲ့ကြတာ ခြောက်လ/ခုနစ်လအတွင်း အင်အား ငါးသောင်းအထိ စည်းရုံးနိုင်ခဲ့ပါတယ်။ လွတ်လပ်ရေးတိုက်ပွဲဝင်ကာလမှာ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် စစ်ကိုတိုက်ချင်သည်ဖြစ်စေ၊ မတိုက်ချင်သည်ဖြစ်စေ မြန်မာနိုင်ငံသားတွေအနေနဲ့ တပ်မတော်မှာ ပါဝင်ကြဖို့ ပြောကြားခဲ့ပါတယ်။ ဒီအင်အားတွေနဲ့ပဲ နယ်ချဲ့နဲ့ ဖက်ဆစ်ကို တွန်းလှန်နိုင်ခဲ့ပါတယ်။

## သမိုင်းမှတ်တမ်းတွေ

မြန်မာ့သမိုင်းတစ်လျှောက်က စစ်ချီပွဲတွေကို ကြည့်မယ်ဆိုရင် ရှေးမင်းတွေဟာ တိုင်းရင်းသားတွေကို ကျေးသား၊ ရင်သား မခွဲခြားဘဲ အရည်အချင်းရှိရင်ရှိသလို တာဝန်ပေးအပ်ခဲ့ပါတယ်။ ထို့အတူ တိုင်းရင်းသားအပေါင်းနဲ့ မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့ နိုင်ငံခြားသားတွေကလည်း သစ္စာရှိရှိ ညီညီညွတ်ညွတ်နဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ အန္တရာယ်ဟူသမျှကို ကာကွယ်ခဲ့တဲ့ သမိုင်းဖြစ်ရပ်တွေရှိခဲ့ပါတယ်။

နိုင်ငံတော်ကာကွယ်ရေးမှာ တိုင်းရင်းသားတွေသာမက မြန်မာ့မြေမှာနေပြီး မြန်မာ့ဆန်ကိုစားတဲ့ နိုင်ငံခြားသားတွေဖြစ်တဲ့ တရုတ်၊ ယိုးဒယား၊ ကသည်း၊ ပေါ်တူဂီနဲ့ ပသီ(မွတ်စလင်)တွေလည်း တိုင်းရင်းသားတွေနဲ့အတူ တစ်စိတ်တစ်ဝမ်းတည်း နိုင်ငံတော်အတွက် သက်စွန့်ကြိုးပမ်းထမ်းရွက်ခဲ့တာကို ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားကြီး ကိုယ်တိုင် လင်းဇင်းချီတပ်နဲ့ သီဟိုဠ်ချီတပ်မှတ်တမ်းတွေက သက်သေခံလျက်ရှိပါတယ်။

အနော်ရထာမင်းလက်ထက်မှ ကုန်းဘောင်ခေတ်နောက်ဆုံးအထိ တပ်မတော်ဖွဲ့စည်းပုံမှာ မင်းနေပြည်တော် အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးပြင်လေးရပ်ကို စောင့်ရှောက်ရတဲ့ ထောင်မှူးလေးဦး၊ သူ့ရဲ ၄၀၀၀ မှတစ်ပါး အမြဲတမ်းဖွဲ့စည်းထားတဲ့ တပ်မတော်မရှိခဲ့ပါဘူး။ စစ်မက်အရေးပေါ်ပေါက်လာတဲ့အခါမှသာ တစ်နိုင်ငံလုံးမှာရှိတဲ့ ကျန်းမာသန်စွမ်းတဲ့သူတွေကို ဆင့်ခေါ်စုရုံးဖွဲ့စည်းပြီး တိုက်ခိုက်စေပါတယ်။ တိုက်ခိုက်ဖို့အတွက် ၁၀၀၀ ပြူ၊ ၈၀၀ ပြူ၊ ၄၀၀ ပြူ၊ ၃၀၀ ပြူ၊ ၂၀၀ ပြူ၊ ၁၀၀ ပြူ၊ ၈၀ ပြူ၊ ၅၀ ပြူ၊ ၃၀ ပြူ၊ ၂၀ ပြူအထိ အသီးသီးမြို့ပြတည်ရပါတယ်။ ထောင်ပြူမြို့မှာ စစ်မက်အရေးအခင်း ပေါ်ပေါက်လာခဲ့သော် ရဲမက် ၁၀၀၀ ပေးရပါတယ်။ ရှစ်ရာပြူမြို့မှာ ရဲမက် ၈၀၀ ပေးရပါတယ်။ ဒီလိုပဲ သုံးဆယ်ပြူမြို့က ရဲမက် ၃၀၊ နှစ်ဆယ်ပြူမြို့က ရဲမက် ၂၀ အသီးသီးပေးရပါတယ်။ မြန်မာတစ်နိုင်ငံလုံး ဒီနည်းနဲ့ ရဲမက် ၃၀၀၀၀၀ ရနိုင်လို့ မြန်မာနိုင်ငံကို သုံးသိန်းပြူလို့ သတ်မှတ်ခဲ့ပါတယ်။ ဒီစနစ်ကို စတင်တီထွင်သူဟာ အနော်ရထာမင်း ဖြစ်ပါတယ်။

## စစ်မှုထမ်းဆင့်ဆို

စစ်သူကြီးမဟာဗန္ဓုလရဲ့ အမိန့်တော်ဆင့်စာမှာ **"တပ်ပါဗိုလ်၊ စစ်ကဲ၊ တပ်မှူးတို့။ အမိန့်တော်နှင့် စစ်ကြောင်းချီမည်။ လိုက်ပါထမ်းရွက်သင့်သော ရဲမက်တို့သည် မျက်စိ မှုံမွဲ၊ တိမ်စွဲ၊ မျက်ခမ်းစပ်၊ ပန်းနာ၊ ဒူလာ၊ မှင်တက်ရောဂါ၊ အိပ်ရာယောင်ယမ်း၊ ကိုယ်ထက် ဒူးရှည် ပေါင်ရှည်၊ ခြေသိမ်၊ လက်သိမ်၊ အသက် ၂၀ မပြည့်သူ၊ အသက် ၅၀ ကျော်သူ၊ ခေါင်းရှုပ်သူ၊ ထိုထိုသူတို့ကို တပ်ပါရဲမက်ဆို၍ အခန့်အထားမရှိစေနှင့်။ ဆိုခဲ့သော လူတို့ကို ချန်လှပ်၊ တပ်တော်ပါသင့်သော လူတစ်ကိုယ်လျှင် ၂ ပြည်ဝင် ဆန်စလွယ် ၁၊ လွှာဖိနပ်၊ ဆူးထွင်းအပ် ကိုယ်စီပါစေ။ အသီးသီးလက်နက်ကိုင်ကြသည့် မြို့ကျေးရွာတို့သို့ စာတိုစာရှည်နှင့်ဆင့်"** လို့ ပြည်သူ့စစ်မှုထမ်းဆင့်ဆိုတဲ့အမိန့်ကို တွေ့ရပါတယ်။

လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံမှာ ကျင့်သုံးခဲ့တဲ့ စစ်မဟာဗျူဟာက ပြည်သူ့စစ်မဟာဗျူဟာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ အသင့်တော်ဆုံး ပြည်သူ့စစ်မဟာဗျူဟာကို ၁၉၆၄ ခုနှစ် တပ်မတော်တပ်မှူးများ ညီလာခံမှစလို့ ပြည်သူ့စစ်မဟာဗျူဟာကို အကောင်အထည်ဖော်ဖို့ ဆွေးနွေးခဲ့ကြပါတယ်။ ၁၉၆၇ ခုနှစ်မှာ ပြည်သူ့စစ်မဟာဗျူဟာကို ရေးဆွဲခဲ့ပါတယ်။ တပ်မတော်အနေနဲ့ စစ်စည်းရုံးနိုင်မှုစွမ်းရည်နဲ့ ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်နိုင်မှုစွမ်းရည်တွေကို ပြည်ပကျူးကျော်မှုဖြစ်တဲ့ တရုတ်ဖြူ ကူမင်တန် ကျူးကျော်မှုကာလ၊ ပြည်တွင်းသောင်းကျန်းမှု အရှိန်မြင့်နေတဲ့ကာလတွေမှာ ဆောင်ရွက်ခဲ့ပါတယ်။ မြစ်ဝကျွန်းပေါ်ဒေသ၊ ပဲခူးရိုးမဒေသတွေမှာ ပြည်သူအားလုံးပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာကို အောင်မြင်စွာ ဆောင်ရွက်နိုင်တာကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းရှိ ပြည်တွင်းသောင်းကျန်းမှုတွေလည်း တစ်ပေါင်းတည်း ချုပ်ငြိမ်းသွားခဲ့ပါတယ်။

> **"လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံမှာကျင့်သုံးခဲ့တဲ့ စစ်မဟာဗျူဟာက ပြည်သူ့စစ်မဟာဗျူဟာဖြစ်ပါတယ်။ ၁၉၆၇ ခုနှစ်မှာ ပြည်သူ့စစ်မဟာဗျူဟာကို ရေးဆွဲခဲ့ပါတယ်။ တပ်မတော်အနေနဲ့ စစ်စည်းရုံးနိုင်မှုစွမ်းရည်နဲ့ ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်နိုင်မှုစွမ်းရည်တွေကို ပြည်ပကျူးကျော်မှုဖြစ်တဲ့ တရုတ်ဖြူ ကူမင်တန် ကျူးကျော်မှုကာလ၊ ပြည်တွင်းသောင်းကျန်းမှု အရှိန်မြင့်နေတဲ့ကာလတွေမှာ ဆောင်ရွက်ခဲ့ပါတယ်။ မြစ်ဝကျွန်းပေါ်ဒေသ၊ ပဲခူးရိုးမဒေသတွေမှာ ပြည်သူအားလုံးပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာကို အောင်မြင်စွာ ဆောင်ရွက်နိုင်တာကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းရှိ ပြည်တွင်းသောင်းကျန်းမှုတွေလည်း တစ်ပေါင်းတည်းချုပ်ငြိမ်းသွားခဲ့"**

## ပြည်သူ့စစ်မှုထမ်းနိုင်ငံများ

ကမ္ဘာပေါ်မှာ စစ်မှုမထမ်းမနေရ ပြဋ္ဌာန်းထားတဲ့ နိုင်ငံ ၁၈ နိုင်ငံခန့် ရှိပါတယ်။ တချို့ဆိုရင် National Service (အမျိုးသားစစ်မှုထမ်းစနစ်) နဲ့ ဆောင်ရွက်ကြပါတယ်။ ဒီစနစ်နဲ့ ဆောင်ရွက်ရာမှာ စစ်မှုထမ်းဆောင်ဖို့အတွက် ဥပဒေပြဋ္ဌာန်းပြီး စစ်မှုထမ်းဆောင်ခြင်းမရှိတဲ့ နိုင်ငံတွေရှိပါတယ်၊ စစ်မှုထမ်းဆောင်တဲ့ ဥပဒေပြဋ္ဌာန်းပြီး မဖြစ်မနေ စစ်မှုထမ်းဆောင်စေတဲ့ နိုင်ငံတွေလည်းရှိပါတယ်၊ ထူးခြားတဲ့ အခြေအနေတစ်ရပ်မှာ ဥပဒေပြဋ္ဌာန်းပြီး စစ်မှုထမ်းစေတဲ့ နိုင်ငံတွေလည်းရှိပါတယ်၊ စစ်မှုမဖြစ်မနေထမ်းဆောင်တာနဲ့ ဆန္ဒအရ စစ်မှုထမ်းဆောင်စေတာ နှစ်မျိုးစလုံး ကျင့်သုံးတဲ့နိုင်ငံတွေလည်း ရှိပါတယ်။ စစ်မှုထမ်းဥပဒေပြဋ္ဌာန်းပြီး စစ်မှုထမ်းစေတဲ့နိုင်ငံတွေက တပ်မတော်မှာ တာဝန်ထမ်းဆောင်ရာမှာ အရပ်ဘက်လုပ်ငန်းတွေ၊ လက်နက်မကိုင်ရတဲ့လုပ်ငန်းတွေ၊ တိုက်ပွဲမဝင်ရတဲ့ နေရာတွေမှာ ရွေးချယ်အမှုထမ်းရတဲ့ နိုင်ငံတွေလည်းရှိပါတယ်။ ဥပဒေပြဋ္ဌာန်းပြီး တာဝန်ထမ်းဆောင်ရာမှာ ရွေးချယ်ပိုင်ခွင့်မရှိတဲ့ နိုင်ငံတွေလည်းရှိပါတယ်။

ဥပမာအားဖြင့် ဂျာမနီ၊ အီရန်၊ မလေးရှား၊ မက္ကဆီကို၊ နော်ဝေ၊ ရုရှား၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ဆွီဒင်၊ တူကီယဲ စတဲ့နိုင်ငံတွေနဲ့ အိမ်နီးချင်း ထိုင်း၊ လာအိုနိုင်ငံတွေမှာ သူ့နိုင်ငံနဲ့သူ့ဟန် စစ်မှုထမ်းဥပဒေပြဋ္ဌာန်းပြီး တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ဂျပန်ခေတ်အထိ ထောင်ပြူမြို့၊ ရာပြူမြို့၊ ဆယ်ပြူမြို့စသဖြင့် စစ်မှုထမ်းဆောင်ဖို့အတွက် မြို့အလိုက် တာဝန်ပေးဆင့်ခေါ်ရင် မြို့အလိုက် လူဦးရေ တစ်ထောင်၊ ရာ၊ ဆယ် ပေးရတာတွေရှိပါတယ်။ လွတ်လပ်ရေးရပြီးတဲ့အခါမှာ ပြည်သူ့စစ်မှုထမ်းဥပဒေ ရှိလာပါတယ်။ ဒီဥပဒေကို ပြင်ဆင်ပြီး ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလမှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို သတ်မှတ်ခဲ့ပါတယ်။ လက်ရှိအချိန်အခါမှာ လက်ရှိ နိုင်ငံရေးအခြေအနေ၊ နိုင်ငံတကာအခြေအနေ၊ ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့အညီ ပြည်သူ့စစ်မဟာဗျူဟာအရ ပြည်သူအားလုံးပါဝင်တဲ့ အမျိုးသားစစ်မှုထမ်းစနစ် မဖြစ်မနေကျင့်သုံးဖို့ လိုအပ်လာပါတယ်။

## ဖွဲ့စည်းပုံအခြေခံဥပဒေအရ

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းချက် နိုင်ငံသားများရဲ့ မူလတာဝန်နဲ့ ဝတ္တရား ဥပဒေပုဒ်မ ၃၈၅ မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးဟာ နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၃၈၆ မှာ နိုင်ငံသားတိုင်း ပြဋ္ဌာန်းချက်တွေနဲ့အညီ စစ်ပညာသင်ကြားရန်နဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အလားတူ နိုင်ငံသားတိုင်း စစ်မှုထမ်းဆောင်နိုင်ဖို့အတွက် တပ်မတော်ဟာ ပုဒ်မ ၂၀ (ဃ)မှာ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးမှာ ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ ဥပဒေပုဒ်မ ၃၃၉ မှာ နိုင်ငံတော်ကို ပြည်တွင်း/ပြည်ပ အန္တရာယ်တွေမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမယ်။ ပုဒ်မ ၃၄၀ မှာ တပ်မတော်ဟာ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီရဲ့ သဘောတူညီချက်နဲ့ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးမှာ ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိတယ်။ တပ်မတော်ရဲ့ ဦးဆောင်မှုနဲ့ ပြည်သူ့စစ်မဟာဗျူဟာ ဖော်ဆောင်မယ်လို့ ပါရှိပါတယ်။ ထို့နောက် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလမှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ တစ်ရက်တည်းမှာ အရန်တပ်ဖွဲ့ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ယခုအခါ အဆိုပါဥပဒေတွေနဲ့အညီ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် ပြည်သူအားလုံးပါဝင်တဲ့ စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်တော့မှာ ဖြစ်ပါတယ်။

## မှန်မြတ်တဲ့လုပ်ငန်းတစ်ရပ်

အကောင်အထည်ဖော်တဲ့အခါမှာ ပြည်သူတွေကြားမှာ ထောက်ခံမှုတွေရှိသလို တီးတိုးပြောဆိုမှုတွေနဲ့ ဆန့်ကျင်ဘက်လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေရဲ့ ဝေဖန်ပြောဆိုသံတွေကိုလည်း ကြားရပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းအကောင်အထည်ဖော်ရတဲ့ ရည်ရွယ်ချက်၊ ဆောင်ရွက်ချက်နဲ့ အကျိုးရလဒ်တွေကို ပြည်သူတွေ သိရှိနားလည်ကြရင် သဘောပေါက်ကြမှာဖြစ်ပါတယ်။

အဓိကရည်ရွယ်ချက်က နိုင်ငံသားတိုင်းဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းဖို့ တာဝန်ရှိပါတယ်။

**စာမျက်နှာ ၇ သို့** ○

❍ စာမျက်နှာ ၆ မှ

နိုင်ငံသားတွေအနေနဲ့ မိမိရပ်ရွာမှာ လုံခြုံစိတ်ချစွာနေထိုင်လုပ်ကိုင်နိုင်ဖို့အတွက် မိမိတို့မြို့ရွာကို ကာကွယ်စောင့်ရှောက်ရေးဟာ မိမိတို့အရေး၊ မိမိတို့အကျိုးစီးပွားဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ နိုင်ငံတစ်ဝန်းလုံး လုံခြုံစိတ်ချရေးအတွက် ကာကွယ်စောင့်ရှောက်ရမှာဖြစ်ပေမယ့်လည်း မိမိတို့မြို့ရွာကို နိုင်ငံချစ်စိတ်၊ ရပ်ရွာချစ်စိတ်နဲ့ တတ်နိုင်တဲ့ဘက်က ကာကွယ်စောင့်ရှောက်တာဟာ မှန်မြတ်တဲ့လုပ်ငန်းတစ်ရပ် ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ဖို့နဲ့ပတ်သက်လို့ သိသင့်သိထိုက်တာတွေကို သိရှိထားဖို့လိုအပ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ပါဝင်ထမ်းဆောင်ရာမှာ ဒီဥပဒေအရ အသက် ၁၈ နှစ်မှ ၃၅ နှစ်အထိ အမျိုးသားအားလုံးနဲ့ အသက် ၁၈ နှစ်မှ ၂၇ နှစ်အထိ အမျိုးသမီးများအားလုံး စစ်မှုထမ်းဆောင်ရမှာဖြစ်ပါတယ်။ စက်မှုလက်မှုအပါအဝင် ကျွမ်းကျင်ပညာရှင်ဖြစ်ရင်တော့ အသက် ၁၈ နှစ်မှ ၄၅ နှစ်အထိ အမျိုးသားအားလုံးနဲ့ အသက် ၁၈ နှစ်မှ ၃၅ နှစ်အထိ အမျိုးသမီးများအားလုံး အကျုံးဝင်မှာဖြစ်ပါတယ်။ ဘယ်သူတွေ ကင်းလွတ်ခွင့်ရမလဲဆိုတော့ သာသနာ့ဝန်ထမ်းတွေ (မည်သည့်ဘာသာမဆို)၊ အိမ်ထောင်သည်အမျိုးသမီးတွေ (သားသမီးရှိတဲ့ အိမ်ထောင်ပျက်အမျိုးသမီးတွေအပါ) ဆေးစစ်ဆေးချက်အရ စစ်မှုထမ်းရန်မသင့်လျော်သူ၊ စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က သီးခြားအမိန့်ထုတ်ပြန် ကင်းလွတ်ခွင့်ပြုတဲ့သူတွေကလွဲရင် အကျုံးဝင်သူအားလုံးဟာ မဖြစ်မနေ စစ်မှုထမ်းဆောင်ရမှာ ဖြစ်ပါတယ်။

## စစ်မှုထမ်းအခွင့်အရေးများ

စစ်မှုထမ်းကာလကို ကာလတိုယာယီရွှေ့ဆိုင်းခွင့်ပြုတဲ့သူတွေကတော့ ယာယီဆေးအဆင့်နိမ့်နေသူတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ ၊ ပညာသင်ကြားနေသူတွေ၊ အခြားပြုစုစောင့်ရှောက်မယ့်သူမရှိလို့ မိအိုဖအိုတွေကို ပြုစုလုပ်ကျွေးနေသူတွေ၊ မူးယစ်ဆေးဖြတ်ကုသမှုခံယူနေသူတွေနဲ့ ထောင်ဒဏ်ကျခံနေရသူတွေ ဖြစ်ပါတယ်။ ကာလတို ယာယီရွှေ့ဆိုင်းခွင့်ရတဲ့သူတွေအနေနဲ့ ယာယီရွှေ့ဆိုင်းခွင့်ပြုထားတုန်း အသက်ကန့်သတ်ချက်ကျော်လွန်သွားရင်လည်း ကင်းလွတ်ခွင့်မပြုဘဲ ဆက်ပြီးတာဝန်ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ စစ်မှုထမ်းကာလကတော့ သာမန်လူတွေအတွက် နှစ်နှစ် ဖြစ်ပြီး ပညာသည်တွေအတွက်ကတော့ သုံးနှစ် ဖြစ်ပါတယ်။ အရေးပေါ်အခြေအနေတွေမှာတော့ မည်သူ့ကိုမဆို စစ်မှုထမ်းကာလ ငါးနှစ်အထိ တာဝန်ထမ်းဆောင်ဖို့ သက်တမ်းတိုးမြှင့်နိုင်ပါတယ်။

**❝ စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့တွေကို မြို့နယ် / ခရိုင် / တိုင်းဒေသကြီး / ဗဟိုအဆင့်တွေအထိ ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွေက နှစ်စဉ် စစ်မှုထမ်းဖို့ အရွယ်ရောက်သူတွေစာရင်းကို မြို့နယ်စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ထံ ဇန်နဝါရီလ ၁ ရက်နေ့ထက် နောက်မကျစေဘဲ အရောက်ပေးပို့ရမှာ ဖြစ်တယ်။ မြို့နယ်အဖွဲ့က အသက်ပြည့်မီသူတွေကို ဆင့်ခေါ်ပြီး မှတ်ပုံတင်ထားရှိကာ လက်မှတ်ထုတ်ပေးသွားမှာဖြစ်လို့ လက်မှတ်ရရှိသူတွေကိုတော့ ဆေးစစ်ဖို့ဆင့်ခေါ်မှာဖြစ်တယ်။ စစ်မှုထမ်းဖို့ဆင့်ခေါ်စာကို သက်ဆိုင်ရာပုဂ္ဂိုလ်ကို တိုက်ရိုက်ပေးအပ်ရမှာဖြစ်ပြီး မတွေ့ရှိခဲ့ရင်တော့ မိသားစုဝင်တစ်ဦးဦးဆီ သက်သေတစ်ဦးရှေ့မှာ ပေးအပ်ရပါမယ်။ ဒါဟာ ဥပဒေအရ သက်ဆိုင်ရာပုဂ္ဂိုလ်လက်ထဲကို ပေးအပ်ခဲ့ပြီးဖြစ်တယ်လို့ မှတ်ယူမှာဖြစ် ❞**

စစ်မှုထမ်းဥပဒေအရ အမှုထမ်းဆောင်ဖို့ ဆင့်ခေါ်ခြင်းခံရတဲ့မည်သူမဆို စစ်မှုစတင်ထမ်းတဲ့နေ့ကစပြီး ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေကို လိုက်နာရမှာဖြစ်ပါတယ်။ အပြစ်တစ်စုံတစ်ရာ ကျူးလွန်မယ်ဆိုရင်တော့ စစ်မှုထမ်းကာလအတွင်း စစ်တရားရုံးကဖြစ်စေ၊ နယ်ဘက်တရားရုံးကဖြစ်စေ ချမှတ်တဲ့ပြစ်ဒဏ်ကာလကို စစ်မှုထမ်းကာလအတွင်း ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ သတ်မှတ်ကာလပြည့်တဲ့အထိ စစ်မှုထမ်းဆောင်ရမှာဖြစ်ပါတယ်။ အခွင့်အရေးတွေအနေနဲ့ကတော့ စစ်မှုထမ်းကာလအတွင်း အဆင့်လိုက် လစာစရိတ်များ ခံစားခွင့်ရရှိမှာဖြစ်ပြီး တာဝန်ထမ်းဆောင်စဉ် ကျဆုံးခဲ့ပါက တပ်မတော်က သတ်မှတ်ထားတဲ့အတိုင်း ခံစားခွင့်များရရှိပါမယ်။

ပါရဂူဘွဲ့၊ အခြားအသက်မွေးဝမ်းကျောင်းဘွဲ့နဲ့ သတ်မှတ်အရည်အချင်းပြည့်မီသူတွေကို ပြန်တမ်းဝင်အရာရှိအဖြစ် တိုက်ရိုက်ခန့်အပ်နိုင်တဲ့အချက်ကိုလည်း ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။

## စစ်မှုထမ်းဆင့်ခေါ်

စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့တွေကို မြို့နယ်/ခရိုင်/တိုင်းဒေသကြီး/ဗဟို အဆင့်တွေအထိ ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွေက နှစ်စဉ် စစ်မှုထမ်းဖို့ အရွယ်ရောက်သူတွေစာရင်းကို မြို့နယ်စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ထံ ဇန်နဝါရီလ ၁ ရက်နေ့ထက် နောက်မကျစေဘဲ အရောက်ပေးပို့ရမှာ ဖြစ်တယ်။ မြို့နယ်အဖွဲ့က အသက်ပြည့်မီသူတွေကို ဆင့်ခေါ်ပြီး မှတ်ပုံတင်ထားရှိကာ လက်မှတ်ထုတ်ပေးသွားမှာဖြစ်လို့ လက်မှတ်ရရှိသူတွေကိုတော့ ဆေးစစ်ဖို့ဆင့်ခေါ်မှာဖြစ်တယ်။ စစ်မှုထမ်းဖို့ဆင့်ခေါ်စာကို သက်ဆိုင်ရာပုဂ္ဂိုလ်ကို တိုက်ရိုက်ပေးအပ်ရမှာဖြစ်ပြီး မတွေ့ရှိခဲ့ရင်တော့ မိသားစုဝင်တစ်ဦးဦးဆီ သက်သေတစ်ဦးရှေ့မှာ ပေးအပ်ရပါမယ်။ ဒါဟာ ဥပဒေအရ သက်ဆိုင်ရာပုဂ္ဂိုလ် လက်ထဲကို ပေးအပ်ခဲ့ပြီးဖြစ်တယ်လို့ မှတ်ယူမှာဖြစ်ပါတယ်။

ပြစ်ဒဏ်တွေနဲ့ပတ်သက်လို့ကတော့ ပုဒ်မ ၂၃ အရ ၁။ မှတ်ပုံတင်ဖို့ဆင့်ခေါ်ချိန်မှာ ပျက်ကွက်ရင် ၂။ ဆေးစစ်ဖို့ဆင့်ခေါ်ချိန်မှာ ပျက်ကွက်ရင် ၃။ စစ်မှုထမ်းဖို့ဆင့်ခေါ်ချိန်မှာ ပျက်ကွက်ရင် ၄။ မှတ်ပုံတင်ချိန်မှာ အကြောင်းအရာတစ်ခုခုကို လိမ်လည်ရေးသားဖော်ပြရင် ၅။ စစ်မှုထမ်းဆောင်ပြီး နှစ်စေ့လို့ပြန်ရောက်လာတဲ့သူကို အလုပ်ရှင်က မူလအလုပ်/ ရာထူးမှာ ခန့်အပ်ဖို့ ငြင်းဆန်ရင် ထောင်ဒဏ် ၃ နှစ်ထိကျခံရမှာဖြစ်တယ်။ ပုဒ်မ ၂၄ အရ စစ်မှုထမ်းခြင်းမှ ရှောင်လွှဲဖို့အတွက် ၁။ ရောဂါရှိဟန်ဆောင်ခြင်း ၂။ တမင်ရောဂါရအောင်လုပ်ခြင်း ၃။ ရောဂါကိုမပျောက်အောင် ပိုဆိုးလာအောင်လုပ်ခြင်း ၄။ အနာတရ ဖြစ်အောင်လုပ်ခြင်းတို့အတွက် ကျူးလွန်သူက ထောင်ဒဏ်(၅)နှစ်ကျခံရမှာဖြစ်ပြီး စစ်မှုထမ်းဆောင်ခြင်းမှ ရှောင်လွှဲဖို့အတွက် အားပေးသူကူညီသူဟာ ၁။ အရပ်သားဆိုထောင်ဒဏ် (၁)နှစ် ၂။ ဝန်ထမ်းဆိုရင် ထောင်ဒဏ် (၃)နှစ်ကျခံရမှာဖြစ်သလို ရဲအရေးပိုင်တဲ့ ပြစ်မှုတွေအဖြစ် သတ်မှတ်ထားပါတယ်။

ပုဒ်မ ၂၃ နဲ့ ၂၄ ကို ကျူးလွန်သူတွေဟာ ပြစ်ဒဏ်ကျခံပြီးနောက် စစ်မှုထမ်းဆောင်ဖို့ ပြန်လည်သတင်းပို့ရမှာပဲဖြစ်ပါတယ်။ ဒီဥပဒေဟာ ပြဋ္ဌာန်းထားပြီးဖြစ်လို့ သမ္မတ သို့တည်းမဟုတ် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က အသက်သွင်းတဲ့နေ့မှာ စတင်အသက်ဝင်မှာဖြစ်ပြီး လွှတ်တော်ကို တင်ပြစရာမလိုတော့ပါ။ ကဲ – ဒီလောက်ဆိုရင် ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်လို့ သိရှိထားသင့်တဲ့ အချက်အလက်တွေ ပြည့်စုံလောက်ပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံသား တစ်ယောက်အနေနဲ့ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေး၊ ကာကွယ်ရေး၊ သာယာဝပြောရေးလုပ်ငန်းတွေမှာ ပါဝင်ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံကိုချစ်တဲ့စိတ်နဲ့ တိုင်းပြည်ကာကွယ်ရေးမှာ ကြည်ဖြူစွာ ပါဝင်ကြဖို့ လိုအပ်ပါတယ်။ ခေတ်ဟောင်းအဆိုတော်ကြီး ဒေါ်မေလှမြိုင် သီဆိုထားတဲ့အတိုင်း **"တို့ပြည်ကြီးကို ကာကွယ်လေ၊ တို့အခြေခိုင်မြဲမယိုင်လဲအောင်ပေ၊ (ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေ) ပေါင်းရုံးလို့ အားအင်ဖြည့်ကြပါစို့လေ"**လို့ ဆိုလိုက်ရပါတယ်။ ။

**ကိုးကားချက် –**

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊
(၂) ပြည်သူ့စစ်မှုထမ်းဥပဒေ (၂၀၁၀)၊
(၃) **စိန်လွင်လေး၏ မြန်မာ့စစ်မှတ်တမ်းများနှင့် သေနင်္ဂဗျူဟာများ။**



# မက်ခရိုဘောဂဗေဒ ညွှန်းကိန်းများဆိုင်ရာ ဟောပြောပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ကျောင်းသားလူငယ်များ စီးပွားရေးဆိုင်ရာ အသိဉာဏ်ဗဟုသုတများ တိုးပွားစေရန်၊ အနာဂတ်တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ မြန်မာ့စီးပွားရေး အဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော မက်ခရိုဘောဂဗေဒ ညွှန်းကိန်းများဆိုင်ရာ ဟောပြောပို့ချခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy ဘက်စုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ (ဌာနမှူးများ)၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်က မက်ခရိုဘောဂဗေဒ ညွှန်းကိန်းများနှင့် ပတ်သက်သည့် သိကောင်းစရာများကို ဆွေးနွေးဟောပြောပြီး Naypyitaw State Academy ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာ နုနုလွင်က ဦးသန်းဇော်အား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

**သတင်းစဉ်**

■

# လယ်ယာကဏ္ဍစာရင်းအင်းအရည်အသွေးပြည့်ဝမှန်ကန်ရေးနှင့် လယ်ယာမြေဥပဒေအရစာချုပ်စာတမ်းများ မှတ်ပုံတင်ရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ကြီးမှူးကာ လယ်ယာကဏ္ဍစာရင်းအင်း ပြည့်ဝမှန်ကန်ရေးနှင့် လယ်ယာမြေဥပဒေအရ စာချုပ်စာတမ်းများ မှတ်ပုံတင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ ရှမ်းပြည်နယ် တောင်ကြီးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဆွေးနွေးပွဲတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက အမှာစကား ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် သီးနှံစိုက်ပျိုး ထုတ်လုပ်မှုနှင့် မြေအသုံးချမှုဆိုင်ရာ စာရင်းများ ကောက်ယူပြုစုရာတွင် လက်စွဲ ဥပဒေပြဋ္ဌာန်းချက်များ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအပေါ် အခြေခံဆောင်ရွက်နိုင်ရန်နှင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ တည်ဆဲဥပဒေအပါအဝင် ပြဋ္ဌာန်းချက်များနှင့်အညီ စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ် လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးခဲ့ပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်အောင်(စာရင်းအင်းဌာနခွဲ)၊ ညွှန်ကြားရေးမှူး ဦးမြင့်သိန်း (ကြေးတိုင်၊စီမံကိန်းနှင့် သုတေသနဌာနခွဲ) ညွှန်ကြားရေးမှူး ဦးသိန်းဦး (မြေယာစီမံခန့်ခွဲရေးဌာနခွဲ) နှင့် ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့ရှိ အရာထမ်း၊ အမှုထမ်း ၁၆၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများ တွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ကော်မရှင်အဖွဲ့ဝင်များ၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၄၃ ပါတီမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက လာမည့်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေး နိုင်ငံရေးပါတီများနှင့်အတူ အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်လျက်ရှိပြီး ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ပြင်ဆင်ခဲ့သည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပါတီဝင်အင်အားပြည့်မီရေးနှင့် သတ်မှတ်ပါတီရုံးခန်းများ ပြည့်မီရေးကို ဆောလျင်စွာပြည့်မီအောင် ဆောင်ရွက်စေလိုကြောင်း၊ ပါတီရုံးခန်းများဖွင့်လှစ်ရာတွင် လိုအပ်ချက်များရှိပါက ကော်မရှင်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံရေးပါတီများ၏ ဘဏ္ဍာငွေ စုဆောင်းထိန်းသိမ်း၊ သုံးစွဲခြင်းကိုလည်း စနစ်တကျဖြစ်စေရေးဆောင်ရွက်ထားကြရန်လိုကြောင်း၊ ပါတီရန်ပုံငွေသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၇ (ခ) တွင် ပါတီရန်ပုံငွေကို ကော်မရှင်က ထုတ်ပြန်သည့် အမိန့် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ သုံးစွဲရန်ထည့်သွင်းပြဋ္ဌာန်းထားကြောင်း၊ ယင်းပြဋ္ဌာန်းချက်အတိုင်း ကော်မရှင်က လိုအပ်သည့် ညွှန်ကြားချက်များကို အမြန်ဆုံးထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး ပါတီများကလည်း ညွှန်ကြားချက်များနှင့်အညီ သုံးစွဲကြရန်လိုကြောင်း။

ရွေးကောက်ပွဲကျင်းပရာတွင် ကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြမှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီဆောင်ရွက်ရေး ကြီးကြပ်ပေးရမည်ဖြစ်သကဲ့သို့ နိုင်ငံရေးပါတီများ၏ လိုအပ်ချက်များကိုလည်း ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပါတီများအနေဖြင့် ခိုင်မာအားကောင်းသော ပါတီများဖြစ်ရေးနှင့် မဲဆန္ဒရှင်ပြည်သူများက မိမိတို့ပါတီနှင့် မိမိတို့ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများကို မဲပေးရေးအတွက် မှန်ကန်သော မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ရန်လိုအပ်ပြီး မဲဆန္ဒရှင်များ၏ မှန်ကန်သော မဲပေးရွေးချယ်မှုရရှိစေရန် ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများရွေးချယ်ရာ၌ အမှန်တကယ် အရည်အချင်းရှိသူများကို ရွေးချယ်ကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကိုလည်း လွတ်လပ်တရားမျှတစွာ ကျင်းပနိုင်ရေး ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကော်မရှင်က ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာသည့် နိုင်ငံရေးပါတီများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်



# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၄၂ ပါတီမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ယခင်နိုင်ငံရေးပါတီများ အစုအဖွဲ့နှင့်တွေ့ဆုံဆွေးနွေးခဲ့မှုအခြေအနေ၊ နိုင်ငံရေးပါတီများ၏ အပြုသဘောဆောင်သည့် အကြံပြုချက်များ ရယူခဲ့မှုအခြေအနေ၊ ဆက်လက်တွေ့ဆုံဆွေးနွေးနိုင်မည့် အခင်းအကျင်းများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍအရေးပါပုံ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှ အရေးကြီးသောပုဒ်မများ ပြင်ဆင်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းထားသည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘုံသဘောတူညီချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးဆိုင်ရာကိစ္စများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့ ဖွဲ့စည်းနိုင်ရေးကိစ္စ၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှပြင်ဆင်သင့်သည့် အချက်များ၊ လွှတ်တော်များ၏ အခန်းကဏ္ဍတို့နှင့် ပတ်သက်၍ မိမိတို့၏ သဘောထားအမြင်များ၊ အကြံပြုချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆွေးနွေးအကြံပြုချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေး၍ ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိဂုံးချုပ် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရိုးဂိုးကျေးရွာ၌ လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဧက ၂၀၀ ဖော်ထုတ်ပြီးစီးမှုအခြေအနေ ကွင်းဆင်းကြည့်ရှု

မော်လမြိုင် ဖေဖော်ဝါရီ ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာ၌ ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဧက ၂၀၀ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို မော်လမြိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ယုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုကြသည်။

ရိုးဂိုးကျေးရွာအတွင်းရှိ ကွင်းအမှတ် (၈၁၂) တောင်သူ ၃၆ ဦး ပိုင်ဆိုင်သော လယ်ယာမြေဧက ၂၀၀ အား စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၉၀ ဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် လုပ်ငန်းများပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)



သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို
တတ်နိုင်သမျှ လျှော့စားစို့

# ပြန်ကြားရေးဝန်ကြီးဌာန၌ ဉာဏ်ရည်တု နည်းပညာအကြောင်း သိကောင်းစရာဟောပြောပွဲ ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၄

Artificial Intelligence (AI) ဉာဏ်ရည်တု နည်းပညာအကြောင်း သိကောင်းစရာဟောပြောပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ AI နည်းပညာအကြောင်း ဟောပြောမည့် ဒေါက်တာ တင်ဘုန်းကျော်နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့ခေတ်တွင် (Artificial Intelligence–AI)ခေါ် ဉာဏ်ရည်တုကို နယ်ပယ်အတော်များများတွင် အသုံးပြုလာကြပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင် မောင်းသူမဲ့ကား၊ ဒရုန်းများ၊ အိမ်သုံးစက်ရုပ်များ၌ AI နည်းပညာကို အသုံးပြုနေကြပြီ ဖြစ်ပါကြောင်း၊ လူ့အသိုက်အဝန်းတွင် AI နည်းပညာသည် ဆန်းသစ်သည့် ဝန်ဆောင်မှုများကို ပေးစွမ်းနိုင်ပြီး သိမှုဉာဏ်အပြင် လူ့စိတ်ခံစားချက်ကို နားလည်ခြင်း၊ ဆုံးဖြတ်ချက် ချမှတ်ခြင်းတို့ကို ထည့်သွင်းစဉ်းစားနိုင်စွမ်းရှိသည့် ဉာဏ်ရည်ထည့်သွင်းထားသော ဉာဏ်ရည်တု ဖြစ်ပါကြောင်း၊ ဉာဏ်ရည်တုနည်းပညာ (AI)၏ အသုံးဝင်မှုနှင့် အန္တရာယ်ရှိမှုတို့ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် ယနေ့ AI နည်းပညာအကြောင်း သိကောင်းစရာ ဆွေးနွေးပွဲကို ကျင်းပခြင်း ဖြစ်ပါကြောင်း။

AI သည် လူသားတို့၏ အလုပ်အကိုင်များစွာအပေါ် အစားထိုးနေရာယူလာပြီး AI ကျွမ်းကျင်ပညာရှင်များလည်း လိုအပ်မှု မြင့်မားလာကြောင်း၊ ယနေ့ Digitalization ခေတ်အွန်လိုင်းတွင် အချက်အလက်ရှာဖွေခြင်း၊ ဖျော်ဖြေရေး အစီအစဉ်များကြည့်ရှုခြင်း၊ ကုန်ပစ္စည်းများ ဝယ်ယူရောင်းချနိုင်ခြင်းတို့၏ နောက်ကွယ်တွင်လည်း AI နည်းပညာရှိနေပြီဖြစ်ကြောင်း၊ လူသားများတွင် ကာယ၊ ဉာဏနှစ်မျိုးရှိသည့်အနက် ကာယအလုပ်များကို စက်များဖြင့် အစားထိုး ဆောင်ရွက်နိုင်သလို ဉာဏအလုပ်များကို AI နည်းပညာဖြင့် အစားထိုး ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင်လည်း AI နည်းပညာအသုံးပြုပြီး လမ်းပြအမှတ်အသား၊ မီးပွိုင့်၊ ဆိပ်ကမ်း၊ လေဆိပ်စသည့် Public Area များတွင် အသုံးပြုနေပြီဖြစ်သလို ဥရောပနိုင်ငံများ၌လည်း AI နည်းပညာအသုံးပြု၍ လူထုအကျိုးပြု သုတေသနလုပ်ငန်းများကို ကျယ်ပြန့်စွာ အသုံးပြုနေပြီဖြစ်ပါကြောင်း။

ထို့ကြောင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေး၊ သတင်းတု၊ သတင်းမှားများစောင့်ကြည့် လေ့လာရေးနှင့် သတင်းစီးဆင်းမှုများအပေါ် Data Analysis ပြုလုပ်၍ ရလဒ်များ ခွဲခြမ်းစိတ်ဖြာ ဆောင်ရွက်နိုင်စေရေး ရည်ရွယ်၍ Foundation Course for Public Opinion Mining Analysis(AI) နည်းပညာသင်တန်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါသင်တန်းအတွက် သင်တန်းသား ၁၂ ဦး Placement Test ဝင်ရောက် ဖြေဆိုခဲ့ပြီး အောင်မြင်သူ ၈ ဦးကို စိစစ်ရွေးချယ်၍ အွန်လိုင်းဖြင့် သုံးလတာ သင်ကြားပေးလျက်ရှိကြောင်း။

ဝန်ထမ်းများသည် ပြောင်းလဲလာသည့် နည်းပညာအပေါ် လိုက်ပါ ဆောင်ရွက်ရန် HR မြှင့်တင်ရန် အဓိကလိုအပ်ပါကြောင်း၊ ယခု AI နည်းပညာအကြောင်း သိကောင်းစရာဆွေးနွေးပွဲကို စိတ်ဝင်တစား လေ့လာနားထောင်၍ သိလိုသည်များ မေးမြန်းဆွေးနွေးခြင်းဖြင့် ရရှိသည့် ဗဟုသုတ အတွေ့အကြုံများကို ဌာနတွင် ပြန်လည်အသုံးချနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒေါက်တာတင်ဘုန်းကျော်က AI နည်းပညာအဆင့်ဆင့် ဖြစ်ပေါ်လာမှု၊ နည်းပညာ၏ ကောင်းကျိုး၊ ဆိုးကျိုး၊ တီထွင်ဖန်တီးနိုင်မှု၊ စိန်ခေါ်မှုများနှင့် စပ်လျဉ်းသည့် သိကောင်းစရာများကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာသည့် အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက AI နည်းပညာအကြောင်း ဟောပြောသည့် ဒေါက်တာတင်ဘုန်းကျော်အား အမှတ်တရလက်ဆောင်ပေးအပ်ပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

သတင်းစဉ်

# မြောင်းမြမြို့၌ ပေသလပ်ကုန်း-ပြင်ရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ



မြောင်းမြ ဖေဖော်ဝါရီ ၁၄

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့တွင် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပေသလပ်ကုန်း-ပြင်ရွာ ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်၊ သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်နှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမင်းသိန်းတို့မှ ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အဆိုပါလမ်းအား လှည့်လည်စစ်ဆေးကြည့်ရှုခဲ့ကြောင်း သည်။

အဆိုပါ ပေသလပ်ကုန်း-ပြင်ရွာ ကွန်ကရစ်လမ်းသစ်သည် စုစုပေါင်း အရှည် ၆ မိုင် ၄ ဖာလုံအား ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၁ မိုင် ၁ ဒသမ ၅ ဖာလုံ၊ ၂၀၁၉-၂၀၂၀ ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ၅ ဒသမ ၆ ဖာလုံ၊ ၂၀၂၀-၂၀၂၁ ပြည်ထောင်စုငွေလုံး ငွေရင်းရန်ပုံငွေဖြင့် ၄ ဒသမ ၅ ဖာလုံ၊ ၂၀၂၂-၂၀၂၃ ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေ ဖြင့် ၁ မိုင် ၅ ဒသမ ၁ ဖာလုံ၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ တစ်မိုင်၊ ၂၀၂၃-၂၀၂၄ ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် လေးဖာလုံ၊ နယ်စပ်ရေးရာဝန်ကြီးဌာနက တစ်မိုင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရ သည်။ ခရိုင်(ပြန်/ဆက်)

## သပြေရေဒီယို၏ Medium Wave ဖြင့် ထုတ်လွှင့်မှု ၁၆-၂-၂၀၂၄ ရက်နေ့မှ ၂၉-၂-၂၀၂၄ ရက်နေ့အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄နာရီအထိ ခေတ္တ ရပ်နားထားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သပြေရေဒီယိုအစီအစဉ်ကို မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများအတွက် လှိုင်းလတ် ၄၂၂ မီတာ၊ ၇၁၁ ကီလိုဟတ်ဇ်ဖြင့်လည်းကောင်း၊ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် FM 99.6 မဂ္ဂါဟတ်ဇ်ဖြင့်လည်းကောင်း၊ နေ့စဉ် နံနက် ၇ နာရီမှ ည ၉ နာရီအထိ ပုံမှန်ထုတ်လွှင့်ပေးလျက်ရှိရာမှ နေပြည်တော်ရှိ မီတာ ၁၃၀ Guyed Tower ဆေးသုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိသဖြင့် လှိုင်းလတ် ၄၂၂ မီတာ၊ ၇၁၁ ကီလိုဟတ်ဇ်ဖြင့် ထုတ်လွှင့်နေမှုကို ၁၆-၂-၂၀၂၄ ရက်နေ့မှ ၂၉- ၂- ၂၀၂၄ ရက်နေ့အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ထုတ်လွှင့်မှု ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် FM စနစ်ဖြင့် ထုတ်လွှင့်နေမှုကို ပုံမှန်အတိုင်း ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ၁-၃-၂၀၂၄ ရက်နေ့မှစ၍ လှိုင်းလတ် ၄၂၂ မီတာ၊ ၇၁၁ ကီလိုဟတ်ဇ်တို့မှ ပုံမှန်အတိုင်း ပြန်လည် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ထန်းတပင်မြို့နယ်၌ Mobile Payment အသုံးပြု၍ ချေးငွေထုတ်ချေးပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကုန်းလှည်းဆိပ်ကျေးရွာအုပ်စု သင်အင်းကျေးရွာတွင် Mobile Financial Payment အသုံးပြု၍ ချေးငွေထုတ်ချေးခြင်း အစီအစဉ်ကို ဖေဖော်ဝါရီ ၁၃ ရက်က အဆိုပါ ကျေးရွာ၌ ဆောင်ရွက်သည်။

Mobile Phone အသုံးပြု၍ ချေးငွေထုတ်ယူရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းဆောင်ရွက်သူစုစုပေါင်း ၇၆ ဦးတို့အား ငွေကျပ် ၃၉ ဒသမ ၃ သိန်းကို ထုတ်ချေးခဲ့ကြောင်း သိရသည်။

ထန်းတပင်မြို့နယ် သင်အင်းကျေးရွာတွင် Mobile Phone အသုံးပြု၍ ချေးငွေထုတ်ယူခြင်းအစီအစဉ် စတုတ္ထအကြိမ် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ချေးငွေများကိုလည်း မြန်မာနိုင်ငံသားများဘဏ်( Citizin Pay)မှတာဝန်ရှိသူများက လာရောက်ဆောင်ရွက်ပေးကြပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်၊ ဦးစီးအရာရှိ ဒေါ်စန်းစန်းမော်နှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ဇင်မင်းထိုက်(ထန်းတပင်)

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ ၁/၂၀၂၄ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရုံးအမှတ်(၁၅) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးဇုန်များ တည်ထောင်နိုင်ရန်နှင့် တိရစ္ဆာန်ရောဂါထိန်းချုပ်ဇုန်နှင့် ရောဂါကင်းရှင်းဇုန်များ ဖော်ဆောင်ခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိရာ ဖော်ဆောင်ပြီး မွေးမြူရေးဇုန် ၂၈ဇုန်၊ ဆောင်ရွက်ဆဲ မွေးမြူရေးဇုန် ကိုးဇုန်ရှိပြီး ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်၊ ခွာနာလျှာနာရောဂါ ကင်းရှင်းဇုန်နှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)တွင် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်တို့ကို သတ်မှတ်ကြေညာပြီးဖြစ်ကြောင်း၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ကုန်သွယ်မှုပြုရာတွင် အထောက်အကူဖြစ်စေရန် လိုအပ်သည့်နေရာဒေသများတွင်ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်၊ ကင်းရှင်းဇုန်များ ဆက်လက်ဖော်ဆောင်နိုင်ရေးနှင့် ဖော်ဆောင်ပြီးဇုန်များ ဆက်လက်တည်တံ့စေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်၏ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် စားရေရိက္ခာဖူလုံစေရေးအတွက် မွေးမြူထုတ်လုပ်ရေးကဏ္ဍသည် အဓိကကျသည့်အတွက် မွေးမြူရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရန် အစီအမံများ စနစ်တကျ ချမှတ်၍ ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအတွင်းရေးမှူး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းက တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ (၁/၂၀၂၃ နှင့် ၂/၂၀၂၃) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြ၍ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးက သုံးသပ်တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး လယ်ဝေးမြို့နယ် သော်မှော်ကုန်းခေတ်မီစံပြကျေးရွာ စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် လယ်ဝေးမြို့နယ် သော်မှော်ကုန်းစံပြကျေးရွာ အပါအဝင် ကျေးရွာ ၄၃ ရွာ၌ ICT စင်တာများ ထူထောင်၍ ဒစ်ဂျစ်တယ်နည်းပညာ ဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ICT စင်တာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကွန်ပျူတာ အခြေခံသင်တန်းဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ICT စင်တာ၌ ကွန်ပျူတာ၊ TV၊ အင်တာနက် Wifi များ တပ်ဆင်ပေးခြင်း၊ အများပြည်သူသုံး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေး application များ ထည့်သွင်းချိတ်ဆက်ပေးခြင်း၊ အသိပညာပေး Website များနှင့်ချိတ်ဆက်ခြင်း၊ အမျိုးသားစာကြည့်တိုက်နှင့် ချိတ်ဆက်ထားရှိခြင်း၊ e.commerce platform နှင့် ချိတ်ဆက်ထားရှိခြင်းများ ဆောင်ရွက်ပေးထားကြောင်း၊ ကျေးရွာသူကျေးရွာသားများအနေဖြင့် ICT စင်တာ၌ အင်တာနက်အခမဲ့ရယူသုံးစွဲနိုင်ပြီး ဈေးကွက်သတင်းများနှင့် ဈေးကွက်ချိတ်ဆက်နိုင်မှုများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ နည်းပညာအချက်အလက်များ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများ၊ လူမှုရေးနှင့် စီးပွားရေးဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်များ၊ ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များကို လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း RBF ရန်ပုံငွေဖြင့် ဝက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသော ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဝက်မွေးမြူရေးအစုအဖွဲ့များ ဈေးကောင်းရရှိရေး၊ ဈေးကွက်ရရှိရေးအတွက် နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးပြီး ခေတ်မီစံပြကျေးရွာ စီမံကိန်းလုပ်ငန်းများဖြစ်သည့် ကျေးလက်လမ်း၊ ကျေးလက်သောက်သုံးရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ကရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေသော လယ်ဝေးမြို့နယ် မြွေရိုးကျောင်းစုကျေးရွာအုပ်စု ရုံးတောကျေးရွာ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်၏ အသင်းပိုင်မြေ ၁၅ ဧကပေါ်တွင် ဆီထွက်သီးနှံနေကြာမျိုးများဖြစ်သည့် မြန်မာနိုင်ငံမှ ရေဆင်းစပ်မျိုး-၂၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Norma၊ Bravo၊ Excellent စသည့် နေကြာမျိုးများ စမ်းသပ်စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပပြုလုပ်သည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏တတိယအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာန ကိုယ်စားပြုအသင်းများ၏ ပျော်ရွှင်စွာယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိကြသည့် ဦးစီးဌာနအသင်းများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး

**ပုသိမ် ဖေဖော်ဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဖေဖော်ဝါရီ ၇ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရေကြည်မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၀၃ ခုမှ ပြည်သူ ၆၃၃ ဦး၊ ဘိုကလေးမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၈၆ ခုမှ ပြည်သူ ၆၁၂ ဦး စုစုပေါင်း ၁၂၄၅ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ်မဲပေးလေ့လာကြသည်။



တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များကိုပေးခဲ့ကြောင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းအစီအစဉ်ကို ဧရာဝတီတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**○ ချန်ပီယံလိဂ်**

ဖီးဖိုလ်ဒန်(မိနစ် ၉၀+၂)တို့မှာ သွင်းယူပေးခဲ့တာဖြစ်ပြီး ကိုပင်ဟေဂင်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ မက်ဆင်(၃၄ မိနစ်)က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ လက်ရှိချန်ပီယံမန်စီးတီးအသင်းဟာ ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်ကို မတ်လ ၆ ရက်မှာ အိမ်ကွင်းအီတီဟက်ဒ်မှာ ဧည့်ခံကစားမှာလည်းဖြစ်ပါတယ်။

**တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရ**

ရီးယဲလ်မက်ဒရစ်အသင်းကတော့ ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပထမအကျော့ပွဲစဉ်မှာ လိုက်ပ်ဇစ်အသင်းရဲ့ အိမ်ကွင်းကို သွားရောက်ကစားခဲ့ရာ ဘရာဟင်ဒိုင်ယက်စ်ရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းကလည်း ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် လိုက်ပ်ဇစ်အသင်းကို မတ်လ ၆ ရက်မှာ ဘာနေဗျူးမှာ အိမ်ရှင်အဖြစ် လက်ခံကစားရမှာဖြစ်ပါတယ်။

**ငွေကြယ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်၊ အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၉) ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ၊ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၉) ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၅၀၀ ကိုလည်းကောင်း၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၅၀ ကိုလည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၅၀ နှင့် ကျပ်သိန်း ၁၅၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၁၀၀ ကိုလည်းကောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် တာဝန်ရှိသူများက တိုင်းမှူးထံ အသီးသီးဂုဏ်ပြုပေးအပ်ကြသည်။ ထို့နောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စေတနာရှင်၊ အလှူရှင်ပြည်သူများ လှူဒါန်းသည့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းအခမ်းအနားများကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးတို့တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်ကြီးအောင်ဧည့်ခန်းမ၌ စေတနာရှင်၊ အလှူရှင်ပြည်သူများ လှူဒါန်းသည့် စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စားသောက်ဖွယ်ရာများကို ပေးအပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်မှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးရှိ ရဲသူရိန်ခန်းမ၌ စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားသည်။




နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်၊ အလှူရှင်များက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်လျက်ရှိရာ ယနေ့တွင် စုစုပေါင်းငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် စိတ်ဓာတ်ခွန်အားပြည့်စေသည့် စာပေစကားလက်ဆောင်များ ပါဝင်ပြီး စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ လက်ခံပေးလျက်ရှိပြီး စဉ်ဆက်မပြတ် ဂုဏ်ပြုပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်၊ အလှူရှင်များက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စေတနာရှင်၊ အလှူရှင်များက နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်ခြင်း အခမ်းအနားကို ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၁၅၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် ငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ ငွေသားနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး၌ လုပ်ငန်းညွှန်ကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

(၃၃)နှစ်မြောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၏ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ကျောက်တံတားမြို့နယ် ပန်ဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက ဝန်ကြီးဌာန၏ မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်၏ အဓိက ဆွေးနွေးဆုံးဖြတ်ချက် (၁၇)ချက်နှင့် ဦးစီးဌာန၏လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်လာစေရန်၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်နှင့် ကိုယ်ရည်ကိုယ်သွေးများ တိုးတက်လာစေရန်နှင့် ကြိုးစားထမ်းဆောင်ကြရန်လိုအပ်ကြောင်းတို့ကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချိုက လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်မှာကြားချက် (၆)ချက်နှင့် အစည်းအဝေးဆုံးဖြတ်ချက် (၂၁)ချက်တို့အား ထပ်ဆင့်ရှင်းလင်း ပြောကြားသည်။

**အောင်မြင့်(ပြန်/ဆက်)**



ပြင်ပအလင်းရောင်ကို အသုံးချပါ၊
မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄) ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄)ကို ယနေ့နံနက် ၉ နာရီတွင် ရုံးအမှတ်(၃၁)ရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဒုတိယဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာစိုးဝင်း၊ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက In-Person ဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ ပြည်နယ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လည်းကောင်း တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌက နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များကို နည်းမှန်လမ်းမှန်ဖြင့် စနစ်တကျပြုစုပျိုးထောင်ပေးရာတွင် လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်ရေးရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အဓိကဦးဆောင်ဝန်ကြီးဌာနများဖြစ်ကြသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် အာဆီယံအသိုက်အဝန်း၊ INGO အဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး လူငယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ်အတွက် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေး(AMMY)၏ဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်လျက်ရှိပါကြောင်း၊ (၁၃)ကြိမ်မြောက် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကိုလည်း ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည့်အတွက် ဗဟိုကော်မတီဝင် ဆက်စပ်ဝန်ကြီးဌာနများကလည်း သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ လူငယ်ရေးရာကိစ္စရပ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးများတွင် လူငယ်ရေးရာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းအချို့ကို တွဲဖက်တာဝန်ပေးစေလွှတ်ထားရှိပြီး ကျန်ရှိနေသည့် တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ထပ်မံစေလွှတ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘဏ္ဍာရေးနှစ်အလိုက် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူငယ်ရေးရာဦးစီးဌာန ဦးစီးမှူးရုံးများကိုလည်း ဖွင့်လှစ်သွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများက လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အဓိကစွမ်းအားစုများအဖြစ် ပါဝင်လာစေရန် ဗဟိုကော်မတီအနေဖြင့် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂)၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီအဖွဲ့ဝင်များနှင့် နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီး မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြမှုများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်(မန္တလေး)တို့ပူးပေါင်း၍ "လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ" လူငယ်စကားဝိုင်း ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအောက်ရှိ အစိုးရ နည်းပညာကောလိပ်(မန္တလေး)တို့ ပူးပေါင်း၍ ကျင်းပသည့် "လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ" လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီခွဲတွင် အစိုးရနည်းပညာကောလိပ် (မန္တလေး) အစည်းအဝေးခန်းမ၌ ကျင်းပသည်။




**တက်ရောက်**

အခမ်းအနားသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဋ္ဌေးသွင်၊ အစိုးရနည်းပညာကောလိပ် (မန္တလေး)မှ ကျောင်းအုပ်ကြီး ဒေါက်တာထွန်းကျော်မြင့်၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

စကားဝိုင်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦးက ကျောင်းသားလူငယ်များအနေဖြင့် အများအကျိုး ဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့အကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှုများ မှန်ကန်စေရန်၊ ဖြောင့်မတ် တည်ကြည်မှုရှိသည့် နိုင်ငံ့သားကောင်းများ ဖြစ်တည်စေရန်နှင့် အဂတိလိုက်စားမှုကို လုံးဝလက်မခံသော ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းစေရန်ရည်ရွယ်၍ တက္ကသိုလ်/ ကောလိပ်များတွင် ယခုကဲ့သို့ လူငယ်စကားဝိုင်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

ယနေ့ခေတ်တွင် ခေါင်းဆောင်ကောင်း၏အဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌ **"ခေါင်းဆောင်ရာတွင်သာ တော်နေသူမဟုတ်ဘဲ ကျင့်ဝတ်နှင့် လျော်ညီသည့်ရလဒ်များ ရရှိရန်အတွက် ထိထိရောက်ရောက် ဦးဆောင်ဦးရွက်ပြုနိုင်သူ"** ဟု ဖွင့်ဆိုကြပါကြောင်း၊ ကျင့်ဝတ်နှင့် ခေါင်းဆောင်မှုသည် ချိတ်ဆက်လျက်ရှိနေပါကြောင်း၊ ကျောင်းသား ကျောင်းသူ ဘဝကတည်းက အဖွဲ့အစည်းနှင့် ဆောင်ရွက်ရသည့်ကိစ္စရပ်များတွင်ခေါင်းဆောင်အဖြစ်သော် လည်းကောင်း၊ နောက်လိုက်အဖြစ် သော်လည်းကောင်း ပါဝင်ဆောင်ရွက်နေကြရပြီဖြစ်သည့်အတွက် ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ လူငယ်များအနေဖြင့် ဆန်းသစ်သည့် အတွေးအခေါ်များနှင့် ခေတ်မီနည်းပညာအသစ်များကို ကောင်းမွန်စွာ အသုံးချ၍ အဂတိလိုက်စားမှုပုံစံအမျိုးမျိုးကို ပိုမိုထိရောက်စွာ တိုက်ဖျက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုကို အခြေခံသော Integrity Pact များ ဖြစ်ပေါ်လာစေရန် နိုင်ငံသားတိုင်းက ကျင့်ဝတ်များကို ကိုယ်စီစောင့်ထိန်းလိုက်နာကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ "လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပပြီး အစိုးရနည်းပညာကောလိပ်(မန္တလေး)မှ ကျောင်းသားကျောင်းသူများက ၎င်းတို့သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသားကျောင်းသူများက ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ အစိုးရနည်းပညာကောလိပ် (မန္တလေး)မှ ကျောင်းအုပ်ကြီး ဒေါက်တာထွန်းကျော်မြင့်က ကျေးဇူးတင်စကား ပြောကြားပြီး ကော်မရှင်အဖွဲ့ဝင်က ကော်မရှင် အမှတ်တံဆိပ်ပါ ပစ္စည်းများကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဋ္ဌေးသွင်နှင့် အစိုးရနည်းပညာကောလိပ်(မန္တလေး)မှ ကျောင်းအုပ်ကြီး ဒေါက်တာထွန်းကျော်မြင့်တို့ကို အမှတ်တရ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ယနေ့ညနေအထိ ခန့်မှန်းချက်**

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ပြည်သူ့စစ်မှုထမ်းဥပဒေ၊ အရန်တပ်ဖွဲ့ဥပဒေနှင့်ပတ်သက်၍ ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်နေသည့် ကောလာဟလသတင်းများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ အရန်တပ်ဖွဲ့ဥပဒေတွေကို အာဏာတည်စေမယ့်ရက်တွေ အတည်ပြုသတ်မှတ်ပြီး ဖြစ်ပါတယ်။ အဲဒီလိုအတည်ပြုတဲ့နေရာမှာ တချို့သော ပြည်ဖျက်မီဒီယာတွေရဲ့ ထုတ်လွှင့်ချက်တွေ၊ တချို့သော သောင်းကျန်းသူအဖွဲ့အစည်းတွေ၊ တချို့သော အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ လှုံ့ဆော်မှုတွေကြောင့် မိဘပြည်သူတွေနဲ့ တချို့သော လူငယ်၊ လူရွယ်တွေဟာ ဒါနဲ့ပတ်သက်ပြီး ထင်ယောင်ထင်မှား ဖြစ်နေတဲ့ဟာလေးတွေ ရှိကြောင်းလည်း တွေ့ရှိရပါတယ်။ တချို့ကတော့ ဒီလိုမျိုးဖြစ်အောင်ကို တမင်ဖန်တီးပြီး တမင်လှုံ့ဆော်နေတာ ဖြစ်ပါတယ်။ တချို့သော ပြည်ဖျက်မီဒီယာတွေအနေနဲ့လည်း ကျွန်တော်ပြောခဲ့တဲ့ဟာတွေ ရှိပါတယ်။ အဲဒီထဲကမှ သူတို့လိုချင်တဲ့ဟာလောက်ပဲ ဖြတ်ညှပ်ကပ်ပြီး လူငယ်၊ လူရွယ်တွေ၊ မိဘပြည်သူတွေကို စိုးရိမ်ထိတ်လန့်အောင်လုပ်နေတာဖြစ်ပါတယ်။

စိုးရိမ်ထိတ်လန့်အောင် ပြုလုပ်ခြင်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော် တစ်ခုပြောချင်ပါတယ်။ ဒါတွေက ဘာတုံးဆိုတော့ သူတို့အနေနဲ့က နိုင်ငံတော်မှာ မဲလိမ်မဲခိုးမှုတွေကြောင့် တပ်မတော်အနေနဲ့ နိုင်ငံတော်တာဝန် စတင်ယူကတည်းကတိုင် တိုင်းပြည်တစ်ခုလုံးကို စိုးရိမ်ထိတ်လန့်မှုဖြစ်အောင် အမြဲတမ်းဖန်တီးနေတာကို တွေ့ရမှာဖြစ်ပါတယ်။ အခုချိန်မှာတော့ ပိုပြီးဆောင်ရွက်လာတဲ့ဟာတွေကို တွေ့ရမှာဖြစ်ပါတယ်။ အဓိကအနေနဲ့ လူငယ်၊ လူရွယ်တွေကို ဥပဒေပြင်ပကို ရောက်သွားအောင်၊ သူတို့လိုအကြမ်းဖက်သမားဘဝမျိုးကိုရောက်ရှိအောင် ဆောင်ရွက်နေတာတွေ့ရမှာဖြစ်ပါတယ်။ ဥပဒေလမ်းကြောင်းမှန်အတိုင်းနေချင်တဲ့၊ နိုင်ငံချစ်စိတ်ရှိတဲ့၊ မျိုးချစ်စိတ်ရှိတဲ့ WE ARE MYANMAR ဆိုတဲ့ စိတ်ဓာတ်ရှိတဲ့ လူငယ်၊ လူရွယ်တွေ မိသားစုတွေကိုပဲ ဦးတည်ပြီးတော့ ပြောင်းလဲသွားအောင် ပစ်မှတ်ထားဆောင်ရွက်နေတဲ့ သဘောမျိုးတွေ တွေ့ရပါတယ်။ ဒီနေရာမှာ ပြည်သူ့စစ်မှုထမ်းဥပဒေမှာရော၊ အရန်တပ်ဖွဲ့ဥပဒေမှာရော ကျွန်တော်ပထမဦးဆုံး ခိုင်ခိုင်မာမာပြောချင်တာက အကျုံးဝင်တဲ့သူတိုင်းကိုလည်း ကျွန်တော်တို့ခေါ်မှာ မဟုတ်ပါဘူး။ ခေါ်စရာလည်းအကြောင်းမရှိပါဘူး။ မနေ့ကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ နိုင်ငံရေးပါတီတွေနဲ့ တွေ့ဆုံတဲ့အချိန်မှာ ဒါတွေနဲ့ပတ်သက်ပြီးတော့ အထူးအလေးထားရှင်းပြခဲ့ပြီးဖြစ်တယ်။ ဒီဟာသည် ပြည်တွင်း၊ ပြည်ပအန္တရာယ်ဆိုတာထက် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို တိုင်းရင်းသားပြည်သူအားလုံး၊ လူငယ်၊ လူရွယ်အားလုံးသိရမယ်၊ တတ်ရမယ်။ ဒီ့တာဝန်အရေး(၃)ပါးကိုကာကွယ်စောင့်ရှောက်ဖို့အတွက် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာလည်း ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီး မနေ့ကလည်း ရှင်းလင်းပြောပြခဲ့ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ၂၀၁၉ ကြားဖြတ် သန်းခေါင်စာရင်း အကျုံးဝင်တဲ့လူအနည်းဆုံး ၁၃ သန်းရှိပါတယ်။ အမျိုးသား ၆ ဒသမ ၃ သန်း၊ အမျိုးသမီး ၇ ဒသမ ၇ သန်းပါ။ ဒီလောက်ရှိတယ်။ ရှိတဲ့အထဲမှာမှ အမျိုးသားလောက်ပဲတွက်ကြည့်ဦး။ အမျိုးသား ၆ ဒသမ ၃ သန်းထဲမှာကျွန်တော်တို့အနေနဲ့ တစ်နှစ်တစ်နှစ်ကို ခေါ်နိုင်တဲ့လူဦးရေ ငါးသောင်းထက်ပိုနိုင်စရာ အကြောင်းမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့အနေနဲ့ ခေါ်ယူထားတဲ့ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်မယ့်သူတွေအားလုံးကို အဆင့်အလိုက် အရည်အချင်းအလိုက် လစာ၊ ရိက္ခာ၊ ခံစားခွင့်အားလုံးပေးရမှာ ဖြစ်ပါတယ်။ ပြီးရင် လေ့ကျင့်မှု၊ လေ့ကျင့်မှုကိုလည်း တပ်မတော်သားတွေ တတ်သင့်တက်ထိုက်တဲ့ နိုင်ငံတော်ကာကွယ်ရေးပညာရပ်အားလုံးကို အချိန်ပေးပြီးသင်ကြားပေးရမှာဖြစ်တယ်။ ဒီလိုသင်ကြားပေးပြီးမှ ကျွန်တော်တို့အနေနဲ့ တာဝန်ထမ်းဆောင်စေရမှာ ဖြစ်တယ်။ တာဝန်ထမ်းဆောင်စေတဲ့ နေရာမှာလည်း အဆင့်အလိုက်နဲ့ အရည်အချင်းအလိုက်၊ အတွေ့အကြုံအလိုက်နဲ့ ရာထူးတာဝန်ပေးပြီး တာဝန်ထမ်းဆောင်စေရမှာဖြစ်တယ်။ ဒီလိုမျိုးဆောင်ရွက်တဲ့နေရာမှာလည်း ပထမဦးဆုံး အပတ်စဉ်တွေမှာ အမျိုးသမီးတွေကို ခေါ်ယူပြီး တာဝန်ထမ်းဆောင်စေဖို့ နည်းမှာဖြစ်ပါတယ်။ ပြီးရင် ကျွန်တော်တို့အနေနဲ့ သင်တန်းပြီးစီးရင် အဓိကတော့ မိမိတို့ရပ်ရွာဒေသမှာရှိတဲ့ လုံခြုံရေးဆိုင်ရာတပ်ဖွဲ့တွေမှာသာ တာဝန်ထမ်းဆောင်စေဖို့အတွက် ရည်ရွယ်ပါတယ်။ အဓိကက စစ်တိုက်ဖို့ဆိုတာထက် လုံခြုံရေး၊ ကာကွယ်ရေးကို ဘယ်လိုအမြင်တွေနဲ့ တာဝန်ထမ်းဆောင်ရမယ်။ လုံခြုံရေး၊ ကာကွယ်ရေးအသိပညာတွေကို ပြည်သူထဲမှာ ပျံ့နှံ့သွားအောင် နောင်ရေရှည်မှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေသည် ကာကွယ်ရေး၊ လုံခြုံရေးနဲ့ပတ်သက်တဲ့ အသိပညာကြွယ်ဝသော မိမိနိုင်ငံကို မိမိအင်အားတောင့်တင်းစွာနဲ့ ခိုင်မာစွာနဲ့ ကာကွယ်နိုင်သော မိမိရဲ့လုံခြုံရေး၊ မိမိရဲ့ကာကွယ်ရေးကို အားလုံးက ဝိုင်းဝန်းဆောင်ရွက်နိုင်သော အခြေအနေမျိုးရောက်ရှိအောင် ဆောင်ရွက်ခြင်းဖြစ်တယ်။

ဒီအစိုးရလက်ထက်မှာမှ ဆောင်ရွက်သွားမှာမဟုတ်ဘူး။ နောင်ဆက်လာမယ့် ဒီမိုကရေစီအစိုးရ လက်ထက်တွေမှာလည်း ဆက်လက်ဆောင်ရွက်သွားမယ့် ရေရှည်စီမံချက် (Long Term Plan) ဖြစ်တယ်ဆိုတာကို ပြောချင်ပါတယ်။ ဒီနေရာမှာ ထပ်ပြီးကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ ဒီနေ့ဆိုရင် ကျွန်တော်တို့ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းတွေ ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဒါ့အပြင် မြို့နယ်အဆင့်၊ ရပ်ကွက်/ ကျေးရွာအဆင့်တွေ ဖွဲ့စည်းသွားမှာဖြစ်တယ်။ စနစ်တကျခေါ်ယူမှာဖြစ်ပါတယ်။ ဒီလိုခေါ်ယူတဲ့နေရာမှာလည်း ပညာသင်ကြားနေတဲ့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ အသက်အရွယ် အကျုံးဝင်သည့်တိုင်အောင် နိုင်ငံခြားထွက်နေတဲ့ ပညာသင်ကြားနေတဲ့သူတွေကလည်း ပညာဆုံးခန်းတိုင်အောင် ပညာဆက်လက်ပညာသင်ကြားခွင့်ရမှာ ဖြစ်ပါတယ်။ သို့သော် ရေရှည် Long Term Plan မှာတော့ အကျုံးဝင်တဲ့သူတွေအားလုံးသည် နိုင်ငံတော်ကာကွယ်ရေးပညာကို တတ်မြောက်ပြီးဖြစ်ရမယ် ဆိုတာကို ရည်မှန်းချက်ထားပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီတစ်နှစ်၊ နှစ်နှစ်၊ သုံး၊ လေးနှစ် ရည်မှန်းထားတာ မဟုတ်ပါဘူး။ နောင်နှစ်ပေါင်းများစွာအထိ ရည်မှန်းပြီး ဆောင်ရွက်နေခြင်းဖြစ်တယ်။ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးသည် နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်လုံခြုံရေးဆိုတဲ့အသိ၊ အတတ်ပြည့်ဝနေတဲ့သူတွေ ဖြစ်တယ်ဆိုတာမျိုးဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်တယ်လို့ ပြောချင်ပါတယ်။

ဒါသည် နိုင်ငံတော်ရဲ့ အနာဂတ်၊ မြန်မာဆိုတာ တည်တံ့ခိုင်မြဲဖို့အတွက် အနာဂတ်၊ မြန်မာဆိုတာ ကမ္ဘာတည်သရွေ့ ရှိဖို့အတွက် အာမခံချက်ကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အမျိုးမျိုးသော သွေးထိုးလှုံ့ဆော်မှုတွေ၊ အမျိုးမျိုးသော သွေးခွဲမှုတွေ၊ အမျိုးမျိုးသောလူငယ်တွေကို တောထဲရောက်အောင် ဆွဲသွင်းနေမှုတွေ၊ လူငယ်တွေကို လူဆိုးတွေ၊ အကြမ်းဖက်သမားတွေ ဖြစ်အောင် ဆွဲဆောင်နေမှုတွေရှိမှာ ဖြစ်ပါတယ်။ ဒါတွေကို တာဝန်သိတဲ့ပြည်သူတစ်ရပ်လုံး၊ မိဘပြည်သူအားလုံး တာဝန်ရှိတယ်လို့ ခံယူထားတဲ့ ပြည်သူတစ်ရပ်လုံး၊ မိဘပြည်သူတွေအားလုံး၊ လူငယ်၊ လူရွယ်တွေအားလုံးက သတိရှိပြီး သတိနဲ့ အသိနဲ့ယှဉ်ပြီး ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီး၊ ကျွန်တော်တို့ မြန်မာပြည်ထောင်စုကြီး၊ ကျွန်တော်တို့ မြန်မာဆိုတဲ့အခေါ်အဝေါ် ကမ္ဘာတည်သရွေ့ တည်ရှိနိုင်ဖို့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးအသိပညာ၊ အတတ်ပညာတွေကို အားလုံးတတ်မြောက်ပြည့်ဝအောင် ဆောင်ရွက်သွားကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။






ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသူ ဦးဆောင်သော တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၄ ရက်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မီးဘေးအန္တရာယ် စိုးရိမ်ရသောလုပ်ငန်းများအား စစ်ဆေးခြင်းနှင့် သရုပ်ပြခြင်းများ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၌ ပွင့်လင်းရာသီကာလ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၁၄ ရက်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမိုးသီဟဇော် ဦးဆောင်သည့် သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၈ နာရီက စမ်းချောင်းမြို့နယ် မြို့နယ်မီးသတ်ဦးစီးမှူး မီးသတ်ဦးစီးအရာရှိ ဦးသူရဆွေ ဦးဆောင်သော သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ရေသန့်ဌာနတာဝန်ခံတို့ ပူးပေါင်း၍ မြို့နယ်အတွင်း မီးလောင်မှုများဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ ရေရယူဆောင်ရွက်နိုင်ရန် စည်ပင်သာယာရေးကော်မတီက တပ်ဆင်ထားရှိသော မြေအောက်ရေပိုက်ခေါင်း(Hydrant)များ ကောင်းမွန်အသင့်ရှိစေရေးအတွက် လိုက်လံစစ်ဆေးကြစဉ်။ တင်ဝင်းတင်

✫ ကျောဖုံးမှ
အမှတ်တရအဖြစ် ကြိတ်ကြိတ်တိုး ဝယ်ယူကြကာ တိုင်းရင်းသားရိုးရာ ဒေသထွက်အစားအသောက်များကို နှစ်ခြိုက်စွာ ဝယ်ယူအားပေးမှုများကြောင့် ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချခဲ့ရသည်ကို တွေ့မြင်ရသည်။

**အားအင်တစ်ခုဖြစ်စေခဲ့**

ထို့ပြင် ယခုနှစ် ပွဲတော်သည် MSME ထုတ်ကုန်ပြခန်းများ ထည့်သွင်းထားခြင်းကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME ) များ လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များ၊ တစ်ပိုင်တစ်နိုင် MSME လုပ်ငန်းများ စတင်လုပ်ဆောင်ကြမည့် လုပ်ငန်းရှင်များ အထူးစိတ်ဝင်စားစွာဖြင့် လာရောက်လေ့လာခဲ့ကြပြီး တိုင်းရင်းသားလုပ်ငန်းရှင်များအချင်းချင်းတွေ့ဆုံ၍လည်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာများ မျှဝေကြခြင်း၊ ပြည်တွင်း/ပြည်ပဈေးကွက်များသို့ မိမိတို့လုပ်ကိုင်နေသည့် လုပ်ငန်းများအလိုက် လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မြင့်မားတိုးတက်စေရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြခြင်း၊ လုပ်ငန်းများအလိုက် ကြုံတွေ့ရမည့်အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နည်းများကို အသိပညာချင်းဖလှယ်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြရာ နိုင်ငံတော်၏စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားအင်တစ်ခုဖြစ်စေခဲ့သည့် ပွဲတော်ကြီးလည်း ဖြစ်သည်။

ထို့အတူ ပြပွဲသို့ လာရောက်လေ့လာကြသည့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များနှင့် စိတ်ဝင်စားကြသည့် ပြည်သူများအတွက်လည်း နောက်ဆုံးပေါ်တီထွင်ဆန်းသစ်မှုနည်းပညာများနှင့် အရည်အသွေးမြင့် စက်ယန္တရားများ၏ ထူးခြားသာလွန်သောစွမ်းဆောင်ရည်များ၊ နိုင်ငံတကာအဆင့်မီ စက်ယန္တရားများ၊ ဝယ်ယူမှု၊ တပ်ဆင်မှု အကြောင်းအရာများနှင့် ဈေးကွက်စီးပွားရေး လိုအပ်ချက်များကို အနာဂတ်နည်းပညာများအသုံးပြု၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ဗဟုသုတအကြောင်းအရာများကိုလည်း ပြခန်းများအလိုက် ကျွမ်းကျင်ဝန်ထမ်းများက ခင်းကျင်းပြသထားသည့် စက်ယန္တရားများဖြင့် လက်တွေ့သရုပ်ပြ ရှင်းလင်းဆွေးနွေးပေးခဲ့ရာ မြန်မာနိုင်ငံ၏ အနာဂတ်စက်မှုနည်းပညာကဏ္ဍကို တစ်ခေတ်ဆန်းသစ်ပေးတော့မည့် မြင်ကွင်းတစ်ခုလည်းဖြစ်သည်။


အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) ထုတ်ကုန်ပြခန်းသို့ လာရောက်လေ့လာ ကြည့်ရှုဝယ်ယူနေကြသူများကို တွေ့ရစဉ်။

**ရှင်းလင်းပြသ**

ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများကိုလည်း သက်ဆိုင်ရာတိုင်းရင်းသားရိုးရာပြခန်းများအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့် တိုင်းရင်းသားအဖွဲ့များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အထင်ကရနေရာများ၊ ဒေသတွင်းလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် ဒေသအလိုက် ရိုးရာအစားအစာများ အကြောင်းကို နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြရာ ကျောင်းသား၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြပြီး တိုင်းရင်းသားအဖွဲ့များဖြင့် ဂုဏ်ယူစွာ အမှတ်တရဓာတ်ပုံရိုက်ကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ပွဲတော်လာ ပြည်သူများ MSME ထုတ်ကုန်များအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ပြခန်းတာဝန်ရှိသူများက ဒေသအလိုက်ထွက်ရှိသည့် ရိုးရာအစားအစာများ၊ ဒေသထွက် MSME ကုန်ထုတ်လုပ်ငန်းများ၊ One Region One Product ထုတ်ကုန်များအပါအဝင် ပြည်ပသို့တင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်များအကြောင်းကို ဗဟုသုတအဖြစ် အသေးစိတ်ရှင်းလင်းပြောကြားပေးခဲ့ကြသည်။

ပြခန်းများ၌လည်း အထူးပျော်ရွှင်စရာအစီအစဉ်အနေဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက သက်ဆိုင်ရာရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ပေါ်လွင်စေသည့်သီချင်းများနှင့် မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့်သီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်လာပြည်သူများကလည်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ပျော်ရွှင်စွာ သီဆိုကခုန်ပါဝင် ဆင်နွှဲကြသည့် မြင်ကွင်းသည်လည်း တောင်ပေါ် မြေပြန့်မခွဲခြားဘဲ စည်းလုံးသည့် သွေးချင်းညီအစ်ကို စိတ်ထားကို အထူးပေါ်လွင်စေခဲ့သည်။

**ဈေးနှုန်းချိုသာစွာ ရောင်းချ**

အလားတူ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထွက်ရှိသည့် MSME ထုတ်ကုန်များ၊ တိုင်းရင်းသားရိုးရာအမှတ်တရပစ္စည်းများနှင့် ရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိပြီး ချစ်ခင်နှစ်သက်မြတ်နိုးစွာဖြင့် ဝယ်ယူကြသူများဖြင့်လည်း စည်ကားလျက်ရှိရာ ဒေသအလိုက် ဆောင်ရွက်နေသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးမြှင့်တင်ပေးရာရောက်သည့် မြင်ကွင်းတစ်ခုလည်း ဖြစ်သည်။

ထို့ပြင် ပွဲတော်လာပြည်သူများ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် စိတ်အေးချမ်းသာစွာ မြည်းစမ်းစားသုံးနိုင်ရန်အတွက် ရိုးရာအစားအစာဆိုင်များ ဖွင့်လှစ်၍ သန့်ရှင်းလတ်ဆတ်စွာ ရောင်းချပေးလျက်ရှိရာ နှစ်ခြိုက်စွာ ဝယ်ယူစားသုံးကြသည့် ပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

**ဖျော်ဖြေရေးအစီအစဉ်များ**

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့်ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများပေါင်းစပ်၍ လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများပျော်ရွှင်စွာဖြင့် တစ်ခဲနက်ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့ပြင် ရောင်းချပွဲသို့လာရောက်လေ့လာကြည့်ရှုဝယ်ယူကြသည့် အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာမဖြစ်ပေါ်စေရန်အတွက် တာဝန်ရှိသူများက စနစ်တကျလုံခြုံရေး စစ်ဆေးဆောင်ရွက်ပေးခြင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကလည်း ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန်အတွက် ပွဲတော်သို့လာသည့်လမ်းများ၌ ကြီးကြပ်ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးဆေးပေးခန်းများ ဖွင့်လှစ်ထားရှိပေးခဲ့သည်။

အဆိုပါပွဲတော်ကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် MSME ထုတ်ကုန်အရောင်းပြခန်း ၃၄ ခန်း၊ ရိုးရာအစားအစာပြခန်း ၁၉ ခန်းတို့ဖြင့် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ခင်းကျင်းပြသရောင်းချပေးခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် များစွာအထောက်အကူဖြစ်စေခဲ့ပြီး ဒေသထွက်ရိုးရာအစားအစာများကို တိုင်းရင်းသားပြည်သူလူထု စိတ်အေးချမ်းပျော်ရွှင်စွာ စားသုံးနိုင်ရန် ထုတ်လုပ်ရောင်းချနိုင်ခဲ့သည့်အတွက်လည်း ပြည်ထောင်စု၏ အနှစ်သာရပြည့်စုံခဲ့သည့် ပွဲတော်ကြီးတစ်ခုအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

သတင်း- အောင်ရဲသွင်
ဓာတ်ပုံ - ဖိုးပြည့်စုံ


ပြည်ထောင်စု နယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနက အမှတ်(၁) တည်ဆောက်ရေးဝင်းအတွင်း၌ မီးဘေးကြိုတင် ကာကွယ်ရေး ဟောပြောခြင်းနှင့် သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ပြုလုပ်စဉ်။

ထွန်းလင်း(ဇေယျာမြေ)


ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးစောမောင်သန်း ဦးဆောင်သောအဖွဲ့ မြို့နယ်အတွင်းရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာရုံးများ၊ အဆောက်အအုံများအား ဖေဖော်ဝါရီ ၁၄ ရက်တွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။

ဝေယံ (ပြန်/ဆက်)


ဧရာဝတီ တိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်၊ မီးလောင်ဆုံးရှုံးမှုလျော့နည်းစေရန်ရည်ရွယ်ပြီး ဖေဖော်ဝါရီ ၁၃ ရက်က မြို့နယ်အတွင်းရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ၊ ဗလီများ၊ သီလရှင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများအား မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်ခြင်းနှင့် ဈေးများအား ဌာနဆိုင်ရာများနှင့်ပူးပေါင်းပြီး မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)


မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးသတိမူရေးနှင့် မီးလောင်ဆုံးရှုံးမှုလျော့နည်းစေရေးတို့အတွက် ဖေဖော်ဝါရီ ၁၄ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့် တပ်ဖွဲ့ဝင်များ အထက မလှိုင်၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးစဉ်။

ခရိုင်မီးသတ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပဲခူးမြို့၌ သစ်သီးဝလံ၊ ပန်းမန်ပြပွဲနှင့် MSMEs ဒေသထုတ်ကုန်ဈေးရောင်းပွဲတော်တွင် လာရောက်ခင်းကျင်းပြသရောင်းချသည့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၏ ရင်တွင်းစကားသံများ

နိုင်ငံ့စီးပွားရေးအထောက်အကူပြု အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSMEs)လုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမော်ဓောဘုရား အနောက်ဘက်မုခ်ယာဥ်ရပ်နားဝင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့အထိ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သစ်သီးဝလံ၊ ပန်းမန်ပြပွဲနှင့် MSMEs ဒေသထုတ်ကုန်ဈေးရောင်းပွဲတော်ကို အရောင်းပြခန်း ၄၅ ခန်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ အဆိုပါဈေးရောင်းပွဲတော်သို့ လာရောက်ခင်းကျင်းပြသသည့် ဒေသထုတ်ကုန်လုပ်ငန်းရှင်များ၏ ရင်တွင်းစကားသံများကို အောက်ပါအတိုင်း ကြားသိရပါသည်-




**ဒေါ်ရီရီတင့် “တင့်တင့် ကရေကရာလုပ်ငန်း” လက်ပံတန်းမြို့**

ကျွန်မက “တင့်တင့် ကရေကရာလုပ်ငန်း”ရဲ့ လုပ်ငန်းရှင် ဒေါ်ရီရီတင့် ဖြစ်ပါတယ်။ သာယာဝတီခရိုင် လက်ပံတန်းမြို့က လာရောက်ရောင်းချတာ ဖြစ်ပါတယ်။ ကရေကရာလုပ်ငန်းကို လုပ်ကိုင်လာခဲ့တာ နှစ်ပေါင်း(၄၀)ကျော် ရှိပါပြီ။ အခုလို MSMEs ဒေသထုတ်ကုန်ပြပွဲတွေမှာ လိုက်လံရောင်းချတာ ငါးကြိမ် ရှိပါပြီ။ အခုလို ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားပြပွဲမှာဆိုရင် နှစ်ကြိမ် ရှိပါပြီ။ ရောင်းအားလည်းကောင်းပြီး မိတ်ဆွေတွေလည်းတိုးပါတယ်။ အရောင်းအဝယ်လည်း ပိုမိုတိုးတက်လာပါတယ်။




**ဒေါ်မိုးမိုးအောင် “ငွေငါး ငါးဖယ်ချဉ်နှင့် ပုစွန်ချဉ်လုပ်ငန်း” ပဲခူးမြို့**

ကျွန်မက “ငွေငါး ငါးဖယ်ချဉ်နှင့်ပုစွန်ချဉ်လုပ်ငန်း”က ဒေါ်မိုးမိုးအောင် ဖြစ်ပါတယ်။ ပဲခူးမြို့ ရွှေသာလျောင်းလမ်းမတန်းက လာရောက်ရောင်းချတာဖြစ်ပါတယ်။ ငါးဖယ်ချဉ်နဲ့ ပုစွန်ချဉ်လုပ်ငန်းလုပ်ကိုင်လာခဲ့တာ ကိုးနှစ် ရှိပါပြီ။ အခုလို MSMEs ဒေသထုတ်ကုန်ပြပွဲတွေမှာ လိုက်လံရောင်းချတာ ခုနစ်ကြိမ် ရှိပါပြီ။ အခုလို ပြပွဲတွေမှာ ပြသရောင်းချရတဲ့အတွက် အနယ်နယ်အရပ်ရပ်ရှိ စားသုံးသူတွေက ငွေငါးဆိုတာကို ပိုသိသွားကြပါတယ်။ ပဲခူးမြို့ရဲ့ ဒေသထွက်ကုန်အနေနဲ့ ပြသရတဲ့အတွက် ဂုဏ်ယူမိပါတယ်။




**ဦးဇော်ဇော် “တိုးမြင့် နွားနို့၊ ဒိန်ချဉ်နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချရေးလုပ်ငန်း” ကြို့ပင်ကောက်မြို့**

ကျွန်တော်က ဦးဇော်ဇော် ဖြစ်ပါတယ်။ သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ကနေ လာရောက်ရောင်းချတာဖြစ်ပါတယ်။ အခုလို MSMEs ဒေသထုတ်ကုန်ပြပွဲတွေမှာ လိုက်လံရောင်းချတာ ငါးကြိမ်ရှိပါပြီ။ အခုလို ပြပွဲတွေမှာ ရောင်းချရတဲ့အတွက် ပိုမိုရောင်းအားကောင်းခဲ့သလို နိုင်ငံတော်အစိုးရရဲ့ ပံ့ပိုးကူညီမှုရရှိတဲ့အတွက် လုပ်ငန်းတွေ ပိုမိုချဲ့ထွင်လုပ်ကိုင်လာနိုင်ခဲ့ပါတယ်။ အခုဒီပြပွဲမှာလည်း ရောင်းအားကောင်းပါတယ်။




**ဦးအောင်နိုင်ဦး “ဥမ္မာကျော် ထမင်းသုပ်လုပ်ငန်း” ရွှေတောင်မြို့**

ကျွန်တော်က ဦးအောင်နိုင်ဦး ဖြစ်ပါတယ်။ ပြည်ခရိုင် ရွှေတောင်မြို့ကနေ ကိုယ်စားလှယ်အနေနဲ့ လာရောက်ရောင်းချတာ ဖြစ်ပါတယ်။ အခုလိုလာရောက်ရောင်းချတဲ့ ရည်ရွယ်ချက်ကတော့ အကျိုးအမြတ်က အဓိကမဟုတ်ပါဘူး၊ ဈေးကွက်က အင်မတန်အရေးကြီးပါတယ်။ ဈေးကွက်ရနေမယ်ဆိုရင် ထုတ်ကုန်တွေ များများရောင်းရမှာဖြစ်ပါတယ်။ အခုဆိုရင် ဥမ္မာကျော်က ထုတ်တဲ့ပစ္စည်းတွေကိုလည်း မိသားစုအနေနဲ့ နေပြည်တော်မှာ လက်ရှိရောင်းချနေပြီဖြစ်ပါတယ်။




**ဒေါ်ရွှေရည်ဖြိုး “ရွှေနှင်းဆီ ရှောက်သီးဆေးပြား၊ ရှောက်ယို၊ ရှောက်ပေါင်း ရောင်းဝယ်ရေးလုပ်ငန်း” ရွှေကျင်မြို့**

ကျွန်မက ဒေါ်ရွှေရည်ဖြိုး ဖြစ်ပါတယ်။ ရွှေကျင်မြို့ကနေ လာရောက်ရောင်းချတာ ဖြစ်ပါတယ်။ MSMEs ဒေသထုတ်ကုန်ပြပွဲတွေမှာ လိုက်လံရောင်းချတာ နှစ်ကြိမ် ရှိပါပြီ။ အခုလိုပြပွဲမှာ လာရောက်ရောင်းချရတဲ့အတွက် ကျွန်မတို့ ရွှေနှင်းဆီ ရှောက်သီးဆေးပြားလုပ်ငန်းဟာ ဈေးကွက်လည်းရလာသလို ရောင်းအားလည်းကောင်းလာပါတယ်။ အခုလည်း အများကြီးရောင်းရပါတယ်။




**ဦးသန်းဇော်လတ် “လုပ်သား မရွေးလုပ်ငန်း” ပိန်းဇလုတ်မြို့**

ကျွန်တော်က ဦးသန်းဇော်လတ် ဖြစ်ပါတယ်။ ညောင်လေးပင်မြို့နယ် ပိန်းဇလုတ်မြို့ကနေ လာရောက်ရောင်းချတာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်ကတည်းက စတင်လုပ်ကိုင်ခဲ့တာဖြစ်ပါတယ်။ အခုလို MSMEs ဒေသထုတ်ကုန်ပြပွဲတွေမှာ လိုက်လံရောင်းချတာ လေးကြိမ်ရှိပါပြီ။ ဈေးကွက်မှာ လူသိများလာပြီး အရောင်းအဝယ်လည်း လိုက်လာပါတယ်။ အခုဆိုရင် ပါကင်ထုပ်ပိုးမှုကိုပါ အဆင့်မြှင့်ဖို့ အစီအစဉ်ရှိပြီး လုပ်ငန်းတိုးချဲ့လုပ်ဆောင်သွားမှာဖြစ်ပါတယ်။




**ဦးညီညီအောင် “ဝတုတ်ကြီး နှစ်ပြန်ကြော်၊ ချစ်စရာ WoW! အာလူးကြော်နှင့် အကြော်စုံလုပ်ငန်း” ပဲခူးမြို့**

ကျွန်တော်က ဦးညီညီအောင် ဖြစ်ပါတယ်။ MSMEs ဒေသထုတ်ကုန်ပြပွဲတွေမှာ အခုလို လာရောက်ပြသခွင့်ရရှိတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော်တို့တံဆိပ်ဟာ အရှုံးအမြတ်ထက် လူသိများပြီးတော့ ထုတ်ကုန်အောင်မြင်မှုလည်း ရရှိပါတယ်။



**မယွန်းပြည့်အောင် “ရွှေဒင်္ဂါး ပုစွန်ငါးပိထောင်းလုပ်ငန်း” ပဲခူးမြို့**

ကျွန်မက မယွန်းပြည့်အောင် ဖြစ်ပါတယ်။ ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက်က လာရောက်ရောင်းချတာ ဖြစ်ပါတယ်။ MSMEs ဒေသထုတ်ကုန်ပြပွဲတွေမှာ လိုက်လံရောင်းချတာ ၁၀ ကြိမ် ရှိပါပြီ။ နိုင်ငံတော်အစိုးရရဲ့ ပံ့ပိုးကူညီမှုကြောင့် ထုတ်ကုန်ပိုမိုထုတ်လုပ်လာနိုင်ခဲ့သလို လုပ်ငန်း ပိုမိုအောင်မြင်ပြီး လူသိများကာ ရောင်းအားလည်း ပိုမိုကောင်းလာပါတယ်။ အခုလို ဒေသထုတ်ကုန်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးပံ့ပိုးကူညီပေးတဲ့ နိုင်ငံတော်အကြီးအကဲကိုလည်း ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း**
**ချစ်ချစ်သန်း(ပြန်/ဆက်)**
**ဓာတ်ပုံ-လှမိုး(ပြန်/ဆက်)**





# မြင်းခြံမြို့၊ ရမည်းသင်းမြို့၊ ကျောက်ပန်းတောင်းမြို့နှင့် သရက်မြို့တို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲ ပြုလုပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစတင်၍ အာဏာတည်ကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲများကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ ဗိုလ်ချုပ်ကြေးရုပ်ရှေ့၌လည်းကောင်း၊ ရမည်းသင်းမြို့ရှိ ခရိုင်အားကစားကွင်း၌လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့ရှိ မြို့နယ်ဘောလုံးကွင်း၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီး သရက်မြို့ရှိ မြို့နယ်အားကစားကွင်း၌လည်းကောင်း အသီးသီးပြုလုပ်ကြသည်။

ဦးစွာ သက်ဆိုင်ရာမြို့နယ်များမှ ဒေသခံတိုင်းရင်းသား မျိုးချစ်ပြည်သူများက သတ်မှတ်နေရာအသီးသီး၌စုဝေးကြပြီး ကျင်းပမည့် နေရာအသီးသီးသို့ ချီတက်ထောက်ခံကြသည်။ ချီတက်ရာလမ်းတစ်လျှောက်တွင် ဒေသခံမျိုးချစ်ပြည်သူများက "ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို အပြည့်အဝထောက်ခံကြိုဆိုပါသည်၊ နိုင်ငံတော်ကို ကာကွယ်ဖို့ တစ်မျိုးသားလုံးစစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်ကို ပြည်တွင်း/ပြည်ပ အန္တရာယ်များက ကာကွယ်ဖို့ စစ်မှုထမ်းဆောင်ကြပါစို့၊ နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်" စသည့် ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး သတ်မှတ်နေရာအသီးသီးတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပါသည်ဟု တစ်ခဲနက်ဆန္ဒထုတ်ဖော်ဟောပြောကာ ငြိမ်းချမ်းစွာ လူစုခွဲခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်း**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ဖေဖော်ဝါရီ ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ei Ei Zaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၉)ရပ်ကွက်နေ အိအိဇော်အား နံနက် ၉ နာရီ ၅၅ မိနစ်တွင် ရွှေပြည်သာမြို့မရဲစခန်း၌ တရားဥပဒေနှင့် အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၂-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၉၀ | ၂၇၃၀ | ၂၇၅၅ | ၂၇၄၀ | ၂၇၁၅ | ၂၈၁၅ | ၂၈၃၀ | ၂၇၂၀ | ၂၇၃၀ | ၂၇၇၀ | ၂၇၇၀ | ၂၇၇၀ | ၃၀၀၀ | ၃၁၅၀ |
| 95 Ron | ၂၈၀၅ | ၂၈၅၅ | ၂၈၅၀ | ၂၈၁၅ | ၂၈၅၀ | ၂၈၇၅ | ၂၈၆၀ | ၂၈၄၀ | ၂၉၃၅ | ၂၉၅၀ | ၂၈၄၅ | ၂၈၆၀ | ၂၈၉၀ | ၂၈၉၀ | ၂၈၉၅ | ၃၁၂၀ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၂၅ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၀ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၀ | ၂၈၄၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၅၇၀ | ၂၆၂၀ | ၂၆၁၅ | ၂၅၈၀ | ၂၆၂၀ | ၂၆၄၀ | ၂၆၄၀ | ၂၆၀၅ | ၂၇၂၅ | ၂၇၂၀ | ၂၆၁၀ | ၂၆၂၅ | ၂၆၅၅ | ၂၆၆၀ | ၂၆၆၀ | ၂၈၉၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၅၈၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၆၃၀ | ၂၆၅၅ | ၂၆၅၀ | ၂၆၁၅ | ၂၇၃၅ | ၂၇၃၀ | ၂၆၂၅ | ၂၆၃၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၇၅ | ၂၉၀၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၅၉ | ၂၆၄၄ |
| 95 Ron | ၂၆၇၇ | ၂၇၆၄ |
| HSD (500 ppm) | ၂၄၀၄ | ၂၄၈၂ |
| HSD (50 ppm) | ၂၄၅၁ | ၂၅၃၀ |
| HSD (10 ppm) | ၂၄၆၄ | ၂၅၄၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဆီဆိုင်မြို့တွင် ရှေ့တန်းသွားရန် ငြင်းဆန်ခဲ့သည့် အောင်ဆုဗွေဆေးဖြတ်စခန်းမှ ပအိုဝ်းအမျိုးသား ၁၂ ဦးကို တပ်မတော်က ပစ်သတ် သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၄




ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ်တွင် ရှေ့တန်းသွားရန် ငြင်းဆန်ခဲ့သော အောင်ဆုဗွေဆေးဖြတ်စခန်းမှ ပအိုဝ်းအမျိုးသား ၁၂ ဦးကို တပ်မတော်က ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများအား အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက် စာမျက်နှာများတွင် လုပ်ကြံသတင်း ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဆီဆိုင်မြို့တွင် တပ်မတော်နှင့် ပအိုဝ်းပြည်သူ့စစ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိစေရန် ဆီဆိုင်မြို့နှင့်အနီးဝန်းကျင် ကျေးရွာများသို့ လုံခြုံရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါသတင်းမှာ လုပ်ကြံဖန်တီးရေးသားထားသည့် သတင်းအမှားသာ ဖြစ်ကြောင်း သက်ဆိုင်ရာနယ်မြေလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာနယ်မြေရှိ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နေမှုများအပေါ် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားစေရန် သွေးထိုးလှုံ့ဆော်၍ တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်များတွင် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လပြာသို စာအလင်္ကာများ

မောင်လူမွှေး(မြန်မာမှု)

မြန်မာစာဆို ရေးကဗျာဝိဇ္ဇာမိုရ်ကြီးတို့သည် ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်နှင့် လူသားများ ဆက်စပ်ပုံတို့ကို စာပန်းချီခြယ်သ၍ ကိုယ်စီကိုယ်င ကိုယ်အာရုံစိုက်ရာ သီကုံးစပ်ဆိုခဲ့ကြပေသည်။ ထို ၁၂ လရာသီဘွဲ့ စာအလင်္ကာများမှာ မြန်မာ့သုခုမအနုပညာများ ဖြစ်ချေသည်။ မြန်မာမှုအဖြာဖြာတို့သည် ဤ ၁၂ လရာသီဘွဲ့ ကဗျာတို့တွင် ထင်ဟပ်နေသည်။

## ပြာသိုလဘွဲ့ကို နက္ခတ်တာရာကို အခြေခံသည့်ဖွဲ့များ

ဆေးပညာရှင်များကလည်း အာယုဗေဒ ဓာတ်ဗိန္ဓောဆေးဝါးများနှင့်ဆက်စပ်ရာရာ အကြောင်းအရာများကို ရေးစပ်ကြ၏။ နက္ခတ်ဗေဒင် ပညာရှင်များကလည်း ကောင်းကင်၊ နေ၊ လ၊ နက္ခတ်တာရာ၊ ဂြိုဟ်သွားဂြိုဟ်လာ ရာသီစက်စန်းယှဉ် စသဖြင့်ရေးဖွဲ့ခဲ့ကြသည်။ သဘာဝတရားကို မြတ်နိုးကြသည့် စာပေပညာရှင်များကလည်း တောတောင်ရေမြေ သဘာဝပန်းမန်အကြောင်းနှင့်တကွ ပိုးမွှား တိရစ္ဆာန်သတ္တဝါအကြောင်းများကို ရေးဖွဲ့ကြပြန်သည်။ အလွမ်းဓာတ်ခံရှိသူများကလည်း လွမ်းချင်း တမ်းချင်းများကို ရေးစပ်ကြပြန်သည်။ ထိုသို့ အသီးသီးသော ပညာရှင်များ ရေးစပ်ခဲ့ကြသည့် ရာသီဘွဲ့များအနက် ပြာသိုလဘွဲ့ကို နက္ခတ်တာရာကို အခြေခံသည့်ဖွဲ့များမှ အချို့ကို တင်ပြပါမည်။

“အာဒိစ္စရယ်တဲ့ ဖန်သူရိန် … ပြင်လမ်းသူ့ခွာလို့ ဒက္ခိဏာယာဉ် အစွန်းမှာ ထွန်းတဲ့ခါချိန်၊ ပြာသိုမှာ ဖြာစိုနှင်းရယ်နဲ့ ခါအလိုခွာညို သင်းပါဘိ မြင်းခင်းမြတ်တော်သဘင်မှာ ပျော်ရွှင်ကြပြည်လုံး၊ ပုဏ္ဏမာဖုသျှငယ် ယုန်စန္ဒာနဲ့ မှုန်ပြာပြာဝဠာတွင်းမှာလ၊ ငွေပုစ္ဆန်တာရာ လင်းတယ်နှင်းမြူပိတ်ဖုံး။”

ဤလေးဆက်သဖြန်မှာ မဟာဂီတဦးပြုံးချို၏ ပြာသိုလဖွဲ့ဖြစ်သည်။ ဤစာအလင်္ကာ၌ နေမင်း၊ နေသွားလမ်းကြောင်း၊ ပြာသိုလရာသီဆီးနှင်းစို၍ခွာညိုပန်းပွင့်ခြင်း၊ မြင်းခင်းသဘင် ကျင်းပခြင်း၊ ပုစ္ဆန်တာရာအောက်တွင်ပါဝင်သည့် ကရကဋ်ရာသီရှိ ဖုသျှနက္ခတ်နှင့် စန်းယှဉ်၍ လပြည့်သောကောင်းကင် စသည်တို့ကို ရေးဖွဲ့ထားခြင်းဖြစ်ပေသည်။ ထိုသဘောမျိုးကိုပင် စာဆိုတော် တောင်တွင်းဦးကြော့က –

“ဒေါင်းဗာဟီနဘောကွန့်လို့ ဟေမဝန့်ကန္တာ၊ လေတသွန့်ပြန်လာသည် စန္ဒရာမြနန်း၊ ကက္ကဋ္ဌာဝန်းရံလို့မြန်း။ မကာရ လပြာသို မြခွာညိုနွယ်ပန်း၊ ညှာစိုစိုဝေလန်းလို့၊ ရွှေမကာရ်း မြူးပျော်၊ ဂဇာသိန်သဘင်ကျင်း ရွှေခပင်းရွှေမြင်းခင်းတော် ငွေနှင်းဥ လေညင်းဆော်သည် ရေကင်းတော် ကျုံးလှည့်လို့၊ သုံးဆယ့်ခြောက်နာရီလှုံ နန်းကြီးရွှေဘုံ၊ ဆောင်းဟေမန့် သည်ချမ်းပုံငယ် ထည်ကွမ်းတုံခြုံထွေးရလေး”

ဟုစပ်ဆိုထားလေသည်။ ထိုခေတ်က ကွမ်းတုံခြုံစောင် (တရုတ်ပြည်မှလာသောစောင်)ကို ဆိုလိုခြင်းဖြစ်သည်။

ဤတေးထပ်တွင် ဒေါင်းဗာဟီ၊ စန္ဒရာမြနန်း၊ ကြယ်ဖုသျှ၊ ကက္ကဋ္ဌာ မကာရလပြာသို ရွှေမကာရ်း မြခွာညိုစသည်တို့မှာ ဆရာကြီးဦးပြုံးချို၏ လေးဆက်သဖြန်ပါ စာသွားအတိုင်းပင်ဖြစ်ပေသည်။

စာဆိုဦးကြော့၏အထက်ဖော်ပြပါ တေးထပ်တွင် ရေခင်းတော် ကျုံးလှည့်လို့ သုံးဆယ့်ခြောက်နာရီလှုံ နန်းကြီးရွှေဘုံဟူသော အကြောင်းအရာတစ်ခုပါလာလေသည်။ ရှေးအခါက နေ့တစ်နေ့တွင် နာရီ ၆၀ ရှိသည်။ “ပတ် – သံ – တံ – ရှည် – တီး – သံ – မြည် – လက် – ဆီ – ကံ – စာ – ရေး၊ တစ်ဆယ်တိုးမည် ထမ်းပိုးရည် ယင်းသည်အကြွင်းဆေး” ဆိုသည့် ရှေးနာရီ တွက်ပုံအရ ပြာသိုလ၏ နေ့နာရီ၊ ညနာရီသည် ၂၄/၃၆ နာရီနေ့ညရှိပုံ၊ ကျုံးတော်တွင် ကင်းလှည့်လည်၍ အချိန်ကိုက် ရေးကင်းနရီ ဆော်တီးရပုံတို့ကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ စာဆိုတော်ဦးပုည၏ ပြာသိုလဘွဲ့တေးထပ်တွင် –

“လပြာသို မကာရမှာ ကြယ်ဖုသျှယှဉ်ကာ၊ ဒွါဝီသ ပါဒ်နှစ်ဖြာဝယ် ရိပ်ဆာယာ ခြောက်ဖဝါး၊ ဆတ္တိံသ ညဥ့်နာရီမှာ ဇောစမ္မီနေ့မှန်လျက်သား၊ ထီးတစ်ရာ့ ဦးသျှောင်ငယ် အာဏာရောင်စက်သွား၊ ရန်တကာပယ်ရှား၍ တိမ်ညွန့်စားမြင်းပျံ၊ ရိန္ဒမာလုံယဉ်စွဲပါလို့ မြင်းခင်းပွဲ သဘင်တော်ခံ။ စုံတောဝမြိုင်ယံမှာ ဖူးပွင့်တံညှာညီရုံးလို့၊ မမ ဘုန်းဆင်ပါဆို ပန်းမြခွာညို၊ ကြာနန်းမြင့်ရိပ်ခိုဝယ် စိတ်လိုတော်မူပဲထင့်လေး…။”

ဖော်ပြပါ စလေဦးပုည တေးထပ်တွင်မူ နာရီအချိန်ဖဝါးပါ ထည့်ထား၏။ နေ့နာရီ ညနာရီကို ဆတ္တိံသဇောစမ္မီ ဟု ပါဠိဘာသာဗေဒင်သုံးဝေါဟာရများဖြင့် ရေးထားသည်ကို တွေ့နိုင်လေသည်။ စာဆိုဦးပုညသည် နန်းတွင်းခစားရသူ စာဆိုပညာရှင် ဖြစ်သည်။ ပြာသိုလ ဆင်ခင်း၊ မြင်းခင်းပွဲကို မျက်ဝါးထင်ထင် တွေ့မြင်ရသူဖြစ်သည်။ ထို့ကြောင့် လှံရေး၊ မြင်းရေးနှင့် မင်းတုန်းမင်းတရားကြီး၏ ဘုန်းလက်ရုံးတို့ကို “တိမ်ညွန့်စားမြင်းပျံ၊ ရိန္ဒမာလှံ ယဉ်စွဲပါလို့ ထီးတစ်ရာ့ ဦးသျှောင်ငယ်… အာဏာရောင် စက်သွား၊ ရန်တကာ ပယ်ရှား၍” စသည်ဖြင့်ရေးဖွဲ့လေသည်။

အခြားအကြောင်းခြင်းရာများသည် အထက်ဖော်ပြပါ ဦးပြုံးချို၏ လေးဆက်သဖြန်၊ တောင်တွင်းဦးကြော့၏ ပြာသိုလဘွဲ့တေးထပ်ပါ အကြောင်းအရာများနှင့် အတူတူပင်ဖြစ်သည်။

တိုင်းတားမြို့သူကြီး ဦးဖက်၏ ပြာသိုလဘွဲ့တေးထပ်မှာလည်း ထိုအကြောင်းအရာပင် ဖြစ်ပေသည်။ သို့သော် ဆန်းသစ်နေသည်။ ထိုအကြောင်းအရာကို အောက်ပါအတိုင်း ရေးဖွဲ့ထားလေသည်။

“အောင်သဟာံဇေယျတုနှင့် ရွှေဖုသျှသကြိန်၊ ခေါ်မြဲလ ချိန်မှန်ကို တြင်းသံငြိမ့်ညောင်း၊ ဖုန်းနေလ နှစ်ဖော်မှာ မြင်းခင်းတော်ကျင်းတဲ့ ဗိုလ်ပေါင်း၊ နန်းအာလိန့် နယ်မွန်ဝယ် ကြယ်ပုစ္ဆန်လျှံမောင်း၊ နှင်းမြူတိမ် ကြိမ်ကြိမ်လောင်းလို့ ဒေါင်းစကြာပန်းအုံ၊ ဗာဟီခွင်ခင်းတဲ့ခေတ်မှာမို့ ဆွေးသစ်ဖွဲ့ ရေးလှည့်သာကြုံ၊ ရထည်းလှပြည်ကောဋ္ဌုံကို ခြုံတော်ရုံ လုံလို့ပဲနှင့်၊ လှိုက်သဲဝယ် မြေမပြို အေးသူ့ထက်ပို၊ သည်သမယ ပြာသိုကို ခိုင်ခွာညိုနွယ်မင်းတို့လေး၊ … ကန္တာရစုံခြေမှာ ထုံခြွေခြွေ ခြယ်ဆင်းလို့လေး…”

စာဆိုဦးဖက်၏ အထက်ဖော်ပြပါ ပြာသိုလဖွဲ့တွင် “တြင်းသံ” “နေလ” “ကြယ်ပုစ္ဆန်” “ဒေါင်းစကြာ” “ဗာဟီခွင်” တို့မှာ နက္ခတ်တာရာသုံး၊ ဗေဒင်သုံးဝေါဟာရများ ဖြစ်သည်။ ဗေဒင်ဝေါဟာရ ဖြစ်သော်လည်း အမှန်မှာ နေလ အိကြွေတာ ဒက္ခိဏာယာဉ် ဥတ္တရယာဉ် ဗာဟီခွင် ပထဝီဝင် အကြောင်းအရာများသာ ဖြစ်သည်။ အခြေခံပညာအထက်တန်းအထိ သင်ဖူးသူတိုင်း ထိုအကြောင်းအရာများကို သိသည်။ ရှေးခေတ်က ရှေးအသုံးနဲ့ ပေါရာဏ (စကားဟောင်း) ဝေါဟာရများ သုံးခြင်းသာဖြစ်သည်။ ထိုဝေါဟာရများနှင့် စိမ်းလေ ဤစာပေများနှင့် ဝေးလေဖြစ်နေမည်။ ဤသို့ မစိမ်းရလေအောင်ပေါရာဏဝေါဟာရများကို မြန်မာစာပေချစ်သူ၊ မြတ်နိုးသူများဖြစ်ကြသည့် ပန်းရွှေပြည် ကိုရွှေသိမ်းမင်း၊ ရာပြည့် ဦးစိုးညွန့်၊ ရှေးဟောင်းသုတေသီ ဆရာကြီး ဦးထွန်းရီ (တစ်သက်တာစာပေဆုရှင်) စသည့်ပုဂ္ဂိုလ်များက ပေါရာဏကထာကျမ်းများကို ရှာဖွေ၍ ဖြည့်စွက်ရိုက်နှိပ်ခြင်း၊ ရှေးဟောင်းစာပေ ပျို့ကဗျာ လင်္ကာ မော်ကွန်း၊ အိုင်ချင်း၊ အဲချင်း၊ အန်ချင်း စသည့်များကို ကဗျာ့ရိပ်မြုံ စာပန်းရဂုံ၊ ရှေးကဗျာစာစုများ၊ သီချင်းပဒေသာပေါင်းချုပ်များ စသည်ဖြင့် အမြတ်အစွန်းကို ပဓာနမထားဘဲ ထုတ်ဝေကြသည့် မြန်မာစာပေတာဝန်ကို ကျေပွန်ကြသည့် ပုဂ္ဂိုလ်များကိုလည်း လေးစားဂုဏ်ပြုရပါ၏။

## ၁၂ လဖွဲ့လူးတား

သဘာဝမြင်ကွင်းတစ်ခုကို ပန်းချီဆရာအသီးသီးသည် သူ့ရှုထောင့်သူ့မြင်ကွင်းမှ ဆေးရောင်စုံ အဖုံဖုံခြယ်သထုံမွမ်းရေးဆွဲသကဲ့သို့ မကာရရာသီ ပြာသိုလ၏ မြင်ကွင်းစုံကို အထက်ဖော်ပြပါ စာဆိုများက နက္ခတ်အမြင်နှင့် ရေးဖွဲ့ခဲ့ကြခြင်းဖြစ်ပေသည်။ ဆည်သည်ရွာစား ဦးအောင်ကြီး၏ ၁၂လဖွဲ့လူးတားတွင် –

“သာစွလေ…၊ ရွက်ဝေမြလို၊ ခါကိုညှိလင့်၊ ပင်တိုင်းတင့်၍၊ နှင်းနှင့်မြူငွေ့၊ လပြည့် နေ့ဝယ်၊ ပြိုင်ရွှေ့ဖုသျှ၊ မကာရဟု၊ ဆောင်းလရာသီ၊ အညီပေါ်မြန်း၊ ကြိုင်ပျံ့မွှမ်းသည်၊ နွယ်ပန်းပွင့်လို၊ လပြာသိုကား၊ မိန်ညိုချပ်ဝတ်၊ လျှောက်ပတ်ဆောင်ယောင်၊ မှူးခေါင်မတ်ဖျား၊ မင်းသားမင်းမြေး၊ ဆုန်းရေးမှတ်လျက်၊ စွယ်ယှက်ချိတ်ငင်၊ မွမ်းဖြင်တိုက်လွှတ်၊ ပတ်ပတ်ဝန်းကျင်၊ ခြေလျင်ခြေချင်း၊ မြင်းလည်းမြင်းလျောက်၊ ထိုးမြှောက် လှံလေး၊ ခုန်ထွေးသံရှင်၊ စိုင်းနှင့်ကြွားကြွား၊ ခေးသွားနုတ်ငင်၊ သဘင်မြင်းခင်း၊ စစ်အင် ကျင်းသည်၊ စီးနင်းကြော့ လန်းလန်းတည့်လေ။ ပွင့်လင်းစည်သည်… ရွှေပြည်ရွှေဝ နန်းတည့်လေး…”

ဟူ၍ရေးဖွဲ့ထားရာ နက္ခတ်တာရာ ဂြိုဟ်သွား ဂြိုဟ်လာများသာမက မြင်းခင်းသဘင် ဝတ်စားဆင်ယင်မှု၊ မှူးမတ်များ၊ ဆင်မြင်းရထားခြေသည်အားကို စစ်အင်္ဂါလေးပါးနှင့်တကွ ဓားရေး၊ လှံရေး စသည်တို့ကိုပါ ရေးဖွဲ့ထားလေသည်။

မြင်းခင်းသဘင်နှင့် စစ်ရေးဘက်ကို အသားပေးသောရေးဖွဲ့ခြင်းဖြစ်ပေသည်။ ဤလူးတားတွင် – **“ဆုန်းရေး မှတ်လျက်၊ စွယ်ယှက် ချိတ်ငင်၊ မွမ်းဖြင်တိုက်လွှတ်၊ ပတ်ပတ်ဝန်းကျင်”** ဟူသောအရာမှာ ပြာသိုလ မြင်းခင်းသဘင်ဆိုရာ၌ မြင်းသာမက ဆင်အချင်းချင်း တိုက်သည်လည်းပါဝင်ပေသည်။ တိုက်ဆင်များမှာ အတူနေဆင်များဖြစ်ကြ၍ ဆင်အချင်းချင်း ဓာတ်သိမ်များဖြစ်သောကြောင့် ငယ်ကြောက်ဖြစ်သော ကြောက်ရင်းဆင်သည်နိုင်မြဲဖြစ်သော နိုင်ရင်းဆင်ကို ပြန်လည်ခုခံထိုးသတ်ရန်မဝံ့ကြပေ။ ထိုကြောက်ရင်းဆင်ကို “ဆုန်း” ဟု ခေါ်သော ဟင်္သာပြဒါးအညွှံ့စားကို သုတ်လိမ်းခြယ်မှုန်းပေးလိုက်သောအခါ မျက်စိများ အနံ့ကွဲပြားကြပြီးလျှင် ဆင်အချင်းချင်းတိုးဝှေ့ တိုက်ခိုက်ကြသည်ကို ဆိုလိုခြင်းဖြစ်သည်။

## ပြာသိုလဘွဲ့ လွမ်းချင်း

ဤသို့သော အကြောင်းအရာများသည် ၁၂ လရာသီဘွဲ့များ၌ အများအပြားပင် ရှိလှပေသည်။ လေးနက်လှသည့် အကြောင်းခြင်းရာ အချက်အလက်များကို ရှာဖွေလေလေ တွေ့ရှိလေလေဆိုသလို သိနိုင်ပေလိမ့်မည်။ မဟာအတုလမင်းကြီး၏ ပြာသိုလဘွဲ့ လွမ်းချင်းမှာ–

“တိမ်ခြေငယ် ရှင်းပါလို့ မြူနှင်းငယ်စိုစို လပြာသိုမှာ နွယ်ခွာညို မြိုင်မြိုင်နှင့် လှိုင်လှိုင်သင်းပါတဲ့ လကိုလေး..၊ ရောင်သိင်္ဂီငယ် ကြယ်ညီဖုသျှ မကာရမို့ ရွှေဝဥကင် နန်းရင်ပြင်မှာ လှံရင် မြင်းခင်း၊ သဘင်ကျင်းလို့၊ ရာမင်းထွက်စံ၊ ဗိုလ်ညီလာခံသောအခါ၊ ဆဒ္ဒန်ပိုင့်ပြောင်မွန်မှာ အောင်တံခွန် တေဇာမြူးလို့ ထူးလှတယ်လေး…”

ဤလွမ်းချင်း၌ အထက်ဖော်ပြပါအကြောင်းအရာနှင့် အချက်အလက်များပင် ဖြစ်ပါသည်။

၁၂ လရာသီဘွဲ့များဖွဲ့ဆိုသည့်အနက် မယ်ခွေ၏ ၁၂ လရာသီဘွဲ့အဲချင်းများမှာ အလွန်ထူးခြားလှပေသည်။ အကြောင်းအရာ အချက်အလက် ဘက်စုံပါဝင်သည်ကို တွေ့ရပါသည်။ စာဆိုတော်မယ်ခွေ၏ ပြာသိုလဘွဲ့ကိုဖတ်ရှု၍ အဓိပ္ပာယ်ဖော်ထုတ် ရသဂုဏ်ကို ခံစားကြည့်ပါဘိ။ ရသနှင့်သာမက သုတနှင့်ကြည့်ပါမူ ကျမ်းတစ်စောင် ပေတစ်ဖွဲ့ ဖြစ်ပါမည်ဟု နိဂုံးချုပ် ဖော်ပြလိုက်ပါသည်။

ထောင်ပြည့်မှ ရောင်ခြည်လေ…၊ နေဝန်းစက်မွန်၊ တုဖက်ကယ်လွန်သည်၊ သရဝဏ် ကြယ်၊ ပါဒ်နှစ်သွယ်နှင့်၊ မိုးလယ်တောက်ထွန်း၊ စိုစိုငယ်ရွှန်းလှတယ်၊ ရစ်သွန်းလည် ပါလို့လေ…။ မြန်ပြည်မှာ သာနိုး၊ မိန်ညိုချပ်ကာ၊ ရွှေသွန်းဆာနှင့်၊ ရတနာမြင်းခင်း၊ စိတ်ရှိငယ်ကျင်းသည်၊ နှင်းဖြိုးဖြိုးနှင့်၊ စက်ထိုးမှဟန်ယူ၊ အသည်းဆွတ်ကြွေ၊ ချမ်းလေပြည်နှင့်၊ တောခြေတောင်ရံ၊ ငှက်ပေါင်းပျံလို့၊ ဝတ်ဆံငယ်ချူသည်၊ မီးပူပူကင် မဝသည့်၊ လပြာသိုဆောင်း။ ။ ထည်ပေါင်းမှထောင်ရာ၊ ခြုံလေ အေးလေ၊ ကြက်သီးထွေနှင့်၊ ယပ်ရွှေပျားမင်း၊ သြဇာကင်းသည်၊ ချိုးလင်းပြာတို့၊ မသာမကြည်၊ ပရိဒေဝ၊ ငိုကြွေးကြလို့၊ ဟာအာလုပ်သံ တညံညံနှင့်၊ ခက်ပြန်အောင်မြည်သည်၊ ညွန့်ရှင်ရှည် ခွာညိုပွင့်လို့၊ သိုင်းဝင့်ချိန်နီး။ ။ ပြည်ကြီးမှပင်မွန်၊ တုဖက်ကယ်လွန်သည်၊ ပုစ္ဆန်ကထွန်း၊ နှင်းရည်သွန်းလို့၊ လေဝန်းကဖိ၊ ဘယ့်နှယ်သာချိပမယ်၊ အမိကိုကယ်ကြပါ၊ မကာရရာသီတဲ့၊ နာရီတော်သံညောင်းနှင့်၊ စည်မောင်းတီး။ ။

လူးတားတွင် -“ဆုန်းရေး မှတ်လျက်၊ စွယ်ယှက် ချိတ်ငင်၊ မွမ်းဖြင်တိုက်လွှတ်၊ ပတ်ပတ်ဝန်းကျင်” ဟူသောအရာမှာ ပြာသိုလ မြင်းခင်းသဘင်ဆိုရာ၌ မြင်းသာမက ဆင်အချင်းချင်း တိုက်သည်လည်းပါဝင်ပေသည်။ တိုက်ဆင်များမှာ အတူနေဆင်များဖြစ်ကြ၍ ဆင်အချင်းချင်း ဓာတ်သိမ်များဖြစ်သောကြောင့် ငယ်ကြောက်ဖြစ်သော ကြောက်ရင်းဆင်သည် နိုင်မြဲဖြစ်သော နိုင်ရင်းဆင်ကို ပြန်လည်ခုခံထိုးသတ်ရန်မဝံ့ကြပေ။ ထိုကြောက်ရင်းဆင်ကို “ဆုန်း” ဟု ခေါ်သော ဟင်္သာပြဒါးအညွှံ့စားကို သုတ်လိမ်းခြယ်မှုန်းပေးလိုက်သောအခါ မျက်စိများ အနံ့ကွဲပြားကြပြီးလျှင် ဆင်အချင်းချင်းတိုးဝှေ့ တိုက်ခိုက်ကြသည်ကို ဆိုလိုခြင်းဖြစ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၏ အကျိုးကျေးဇူးများ

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း ဌာနခွဲသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၇-၁-၂၀၂၁ ရက်နေ့မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ရာနှုန်းပြည့် ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်အရ ဦးတည်အုပ်စုများ သတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ ၂၆-၁-၂၀၂၄ ရက်နေ့အထိ အသက်(၅)နှစ်နှင့်အထက်ရှိသော ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သူလူဦးရေ ၄၃ သန်းကျော်အနက် လူဦးရေ ၃၉ ဒသမ ၈ သန်းခန့်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပေးနိုင်ခဲ့ပြီး ကာကွယ်ဆေးလွှမ်းခြုံမှု ၉၂ ရာခိုင်နှုန်းရရှိခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးသည့် လူဦးရေမှာ ၃၆ ဒသမ ၃ သန်းခန့် ရှိပြီဖြစ်သောကြောင့် ကာကွယ်ဆေးလွှမ်းခြုံမှု ၈၄ ရာခိုင်နှုန်းရရှိခဲ့ပြီးဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ (၆)လပြည့်ပြီးသော အသက်(၅)နှစ်နှင့်အထက်ရှိသူများအား အသက်အရွယ်အုပ်စုများအလိုက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ်) များကို ထိုးနှံပေးလျက်ရှိပါသည်။

Gavi Covax Facility မှ လှူဒါန်းသည့် Pfizer Original Strain Comirnaty 30 micrograms / dose နှင့် Omicron မျိုးကွဲများကိုပါ ကာကွယ်ပေးနိုင်သည့် Pfizer Original/ Omicron BA.4–5 Comirnaty (15/15 micrograms) /dose ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အသုံးပြု၍ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ၁-၁-၂၀၂၄ ရက်နေ့မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နောက်ဆုံးအကြိမ်ထိုးနှံပြီးစီးမှုကာလ (၆)လပြည့်ပြီးသော ကျန်းမာရေးဝန်ထမ်းများ၊ အသက် ၅၀ နှစ်အထက် နာတာရှည်ရောဂါခံစားနေရသော ပြည်သူလူထုများ၊ အသက် ၅၀ နှစ်အထက် နိုင်ငံ့ဝန်ထမ်းများ၊ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူလူထုများ၊ အသက် ၁၈ နှစ်နှင့်အထက် နာတာရှည်ရောဂါရှိသူများ၊ ကိုယ်ခံအားကျဆင်းသည့် ရောဂါရှိသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိပါသည်။

ထိုသို့ ပြည်သူလူထုများမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အကြိမ်ပြည့် ထိုးနှံထားခြင်း၊ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံထားခြင်းတို့ဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ခြင်း၊ ရောဂါဖြစ်ပွားပါက ပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ခြင်း၊ မျိုးကွဲသစ်များ ပေါ်ပေါက်လာသော်လည်း ကာကွယ်ဆေးထိုးနှံထားပါက ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကို ကာကွယ်တားဆီးနိုင်ခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသည့် လွှမ်းခြုံမှု (Coverage) ကောင်းမွန်ပါက ပြည်သူလူထုအကြား ရောဂါကာကွယ်နိုင်မှု မြင့်တက်လာပြီး ကိုဗစ်-၁၉ ရောဂါ အစုလိုက် ကပ်ရောဂါ အသွင်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။




## သန်လျင်မြို့နယ်တွင် လူငယ်များပေါ်တာဆွဲခံရပြီး စစ်တပ်ထဲတွင် စုဆောင်းခံထားရကြောင်းနှင့် စစ်မှုထမ်းဥပဒေပြဋ္ဌာန်းပြီးနောက် မြို့ကြီးတွေမှာ လူအယောက် ၁၀၀ ကျော် ဖမ်းဆီးခံရကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ငွေသန်းဝင်းရပ်ကွက်တွင် ဖေဖော်ဝါရီ ၁၂ ရက်က တပ်မတော်၊ ရဲနှင့် အုပ်ချုပ်ရေးအဖွဲ့များက တစ်အိမ်တစ်ဦး မဖြစ်မနေပေးရမည်ဟုဆိုကာ အသက်မပြည့်သောကလေးများအပါအဝင် လူငယ်များကို ပေါ်တာဆွဲခေါ်ဆောင်သွားပြီး သန်လျင်ဘုရားကုန်းအနီး စစ်တပ်ထဲတွင် စုဆောင်းခံထားရကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ရပ်ကွက်များတွင် တစ်ရပ်ကွက်လျှင် လူငယ် ၂၀ ဦးစီ စာရင်းပေးရန် တပ်မတော်က တောင်းခံလာကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ သန်လျင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား သဘာဝဘေးအန္တရာယ် ကူညီ ကယ်ဆယ်ရေးအတွက် ရက်သတ္တပတ်နှစ်ပတ်ခန့် သင်တန်းပေးဆောင်ရွက်နေပြီး အဆိုပါ သင်တန်းတွင်လည်း အသက်မပြည့်သေးသူများ ပါဝင်ခြင်းမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အလားတူ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ စစ်ကိုင်း စသည့် မြို့ကြီးတွေမှာလည်း ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့ရက် သတ်မှတ်လိုက်သည့်နေ့မှစ၍ ၄ ရက်အတွင်း လူအယောက် ၁၀၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသွားကြောင်း စသည့် ကောလာဟလသတင်းအမှားများသည် ပြည်သူများ ကြောက်ရွံ့ ထိတ်လန့်စေရန်အတွက် ပြည်ဖျက်မီဒီယာအချို့မှ သွေးထိုးလှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်သည်။

ထိုသို့ ပြည်ဖျက်မီဒီယာအချို့၏ သွေးထိုး လှုံ့ဆော်မှုများကြောင့် မိဘပြည်သူများ စိုးရိမ်ပူပန်မှုနှင့် ကြောက်ရွံ့ထိတ်လန့်မှုများ မဖြစ်ပေါ်စေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍သိသင့်သိထိုက်သည်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့မှလည်း နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ရှင်းလင်းပြောကြားလျက်ရှိကြောင်း၊ ပြည်သူများကို ဥပဒေမဲ့ဖမ်းဆီးသည့် လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မည်သည့်အခါမှ ဆောင်ရွက်ခြင်းမရှိကြောင်း သိရသည်။

သတင်းစဉ်







## မန္တလေးမြို့ အိုးဘိုထောင်၌ နိုင်ငံရေးအကျဉ်းသူတစ်ဦး အကျဉ်းထောင်အတွင်း ဆေးကုသမှုလုံလောက်စွာမရရှိဘဲ သေဆုံးသွားကြောင်း ကောလာဟလ သတင်းအမှားများကို ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

မန္တလေးမြို့ အိုးဘိုထောင်၌ နိုင်ငံရေးအကျဉ်းသူ မယဉ်မိုးသည် အကျဉ်းထောင်အတွင်း ဆေးကုသမှု လုံလောက်စွာမရရှိခဲ့ဘဲ ကျောက်ကပ်ရောဂါဖြင့် မန္တလေးဆေးရုံကြီး၌ သေဆုံးသွားကြောင်း၊ ထောင်တွင်းဆေးရုံမှာ ဘာရောဂါမှန်းမသိဘဲ ကုသမှုခံယူနေရင်း နေမကောင်းလိုက်၊ ပြင်ပဆေးရုံပို့လိုက်၊ လုံခြုံရေးမပေးနိုင်ဘူးဆိုပြီး အကျဉ်းထောင်သို့ ပြန်ပို့လိုက်နှင့် ဖေဖော်ဝါရီ ၄ ရက်က သေဆုံးသွားကြောင်း၊ အကျဉ်းထောင်တွင် ဆေးဝါးကုသမှုလုံလောက်စွာ မရရှိကြောင်း ကောလာဟလသတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Mizzima က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




### ကုသဆောင်ရွက်ပေးခဲ့

အဆိုပါ ကောလာဟလသတင်းနှင့်ပတ်သက်၍ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဖြစ်စဉ်မှာ မယဉ်မိုးသည် အများသူငါသွားသည့် လမ်းပေါ်၌ တာယာကွင်းများအား ဓာတ်ဆီလောင်း၍ မီးရှို့ခြင်း၊ ဆူပူအော်ဟစ်ခြင်း၊ အားပေးကူညီခြင်း၊ ပြစ်မှုများဖြင့် ထောင်ဒဏ်ကျခံနေရသူဖြစ်ကြောင်း၊ အကျဉ်းထောင်လုပ်ငန်း သဘောသဘာဝအရ မန္တလေးထောင်မှ မြင်းခြံထောင်သို့ ရွှေ့ပြောင်းခဲ့ကြောင်း၊ မြင်းခြံထောင်တွင် နှလုံးသွေးတိုးရောဂါ၊ သွေးအားနည်းရောဂါ၊ အမောဖောက်ရောဂါတို့ဖြင့် ထောင်ဆေးရုံတွင် ၁-၇-၂၀၂၃ မှ ၁၀-၇-၂၀၂၃ ရက်အထိ ကုသပေးခဲ့ကြောင်း၊ ၁၀-၇-၂၀၂၃ ရက်တွင် မြင်းခြံခရိုင် ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသပေးစေခဲ့ကြောင်း၊ သမားတော်ကြီးများက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ပြောင်းရွှေ့ကုသရန် မှတ်ချက်ပြုပြီး ၂၁-၇-၂၀၂၃ ရက်နေ့တွင် ဆေးရုံဆင်းခွင့်ပြုခဲ့ကြောင်း၊ ဆေးဝါးကုသနိုင်ရန်အတွက် မြင်းခြံထောင်မှ မန္တလေးထောင်သို့ ၇-၈-၂၀၂၃ ရက်တွင် ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ မန္တလေးဆေးရုံကြီးသို့ ၁၄-၉-၂၀၂၃ ရက်နေ့တွင် ပြသခဲ့ကြောင်း၊ မန္တလေးဆေးရုံကြီးသို့ ငါးကြိမ် ဆေးရုံတက်ကုသပြီး သမားတော်ကြီးများ၏ ညွှန်ကြားချက်အတိုင်း ကုသဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆေးရုံတင်ပို့ကုသနေစဉ် ၄-၂-၂၀၂၄ ရက်နေ့၌ ကျောက်ကပ်ပျက်စီးခြင်း၊ ဆီးမသွားနိုင်ခြင်းရောဂါဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ အကျဉ်းထောင်ဥပဒေအရ နေမကောင်းသူကို ဆေးကုသခွင့်မပေး၍မရကြောင်း၊ အကျဉ်းထောင်ဆေးရုံ၌ အကျဉ်းထောင်ဆရာဝန်နှင့် ကုသနိုင်သလောက်ကုသပေးပြီး လိုအပ်ပါက ပြင်ပပြည်သူ့ဆေးရုံကြီးများသို့ လွှဲပြောင်းကုသပေးရကြောင်း၊ လုံခြုံရေးမပေးနိုင်၍ ဆေးရုံမှ ဆင်းခွင့်တောင်းခြင်း ပြုလုပ်၍ မရကြောင်း သတင်းဖော်ပြချက်များမှာ ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန် အဖျက်အမှောင့် ရည်ရွယ်ချက်ဖြင့် ရေးသားဖော်ပြထားသည့် သတင်းဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ (၃၈)လမ်း၊ အမှတ် (၁၇၈)၊ (၃)ထပ်၊ (ယာ)ရှိ (၂၅ ပေ × ၄၀ ပေ) ရှိ ရေမီးအစုံ တိုက်ခန်းအား ဦးထွန်းတင် (ကွယ်လွန်) (ကေတီအဲန်-၀၅၈၅၂၁) (၁၂/ကတတ(နိုင်) ၀၀၉၁၃၂) မှ (၁၀-၃-၁၉၇၇)နေ့စွဲဖြင့် တရားဝင်နေထိုင်ခွင့်ရရှိထားသော တိုက်ခန်းဖြစ်ပါသည်။ ၎င်းတိုက်ခန်းတွင်ဦးထွန်းတင်နှင့်ဇနီး ဒေါ်ခင်ဝင်းတို့မှ၎င်းတို့မကွယ်လွန်ခင်အချိန်ထိ နေထိုင်သွားခဲ့ပြီး ဒေါ်ခင်ဝင်းမှ ၎င်းမကွယ်လွန်ခင် (၁၃-၁၀-၂၀၂၁) နေ့တွင် ဒေါ်တင့်လပြည့်(ဘ) ဦးစိုးမြင့်(၁၂/ဒဂန(နိုင်) ၀၂၇၀၃၇)အား အထွေထွေကိုယ်စားလွှဲစာ လွှဲအပ်ခဲ့ပြီး ၎င်းဒေါ်တင့်လပြည့်မှ ၎င်းတရားဝင်ပိုင်ဆိုင်ကြောင်းနှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု ပြောဆိုသည့်အတွက်ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့ ကြေညာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်တင်တင်ဌေး(LL.B,Dip in Business Law)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၀၅)
ဖုန်း၀၉၅၀၄၂၉၆၃၊၀၉၇၉၁၆၆၃၄၆၆

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၂) ရပ်ကွက်၊ ဇမ္ဗူသီရိ(၃)လမ်း၊ အမှတ်(၈၂၇/ခ)နေ ဦးခင်မောင်ဌေး နိုင်ငံသားကတ်ပြားအမှတ်-[၁၄/ဖပန(နိုင်)၀၀၆၁၅၉]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာပါသည်-

ဦးခင်မောင်ဌေး [၁၄/ဖပန(နိုင်)၀၀၆၁၅၉]၏ဇနီးဖြစ်သူ မနိုင်နိုင်မွန် (အဖ)ဦးတိုးမြင့် နိုင်ငံသားကတ်ပြားအမှတ်[၁၄/ဒဒရ(နိုင်)၁၁၈၁၂၅]သည် ယောကျ်ားဖြစ်သူ၏ နည်းလမ်းတကျဆိုဆုံးမမှုကို မနာခံခြင်း၊ မယားဝတ္တရား ပျက်ကွက်ခြင်း အပြင် ၎င်း၏သဘောအလျောက် နေအိမ်မှ မကြာမကြာထွက်သွားလေ့ရှိပါသည်။ (၁၅-၇-၂၀၂၃)ရက်နေ့တွင်လည်း ဦးခင်မောင်ဌေး၏ သဘောတူခွင့်ပြုချက်မရှိဘဲ နေအိမ်မှထပ်မံ ဆင်းသွားရာ (၁၄-၂-၂၀၂၄) ရက်နေ့အထိ ၎င်းထံမှ သတင်းစကား အဆက်အသွယ်မရခြင်း၊ မိသားစုထံသို့ ပြန်လာခြင်းမရှိသောကြောင့် မနိုင်နိုင်မွန်အား ကြေညာသည့်နေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာပါသည်။

**(မနိုင်နိုင်မွန်နှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်မယူကြောင်းနှင့် မေးမြန်းစုံစမ်းခြင်းသည်းခံပါရန်)**

**ဦးခင်မောင်ဌေး၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးစိုးအောင်** | **ဒေါ်သီရိဝင်း** |
| **B.A, H.G.P, R.L** | **LL.B, D.B.L, D.I.L** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |
| **စဉ်-၅၄၃၃(၁၉-၁၀-၁၉၉၀)** | **စဉ်-၁၀၁၁၀(၂၉-၇-၂၀၁၄)** |
| **ဖုန်း-၀၉-၄၂၀၃၁၉၉၄၃** | **အမှတ်-၁၁၃၀၊ ရာဇသူရ(၁၅)လမ်း၊** |
| **ရုံးအမှတ်(၁၁၃၀)၊ ရာဇသူရ** | **(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** |
| **(၁၅)လမ်း၊ (၇)ရပ်ကွက်၊** | **Ph:09-450019745** |
| **တောင်ဥက္ကလာပမြို့နယ်။** | |

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ နံ့သာမြိုင်လမ်း၊ မြေကွက်အမှတ်(၃၈၅/ခ)ဟုခေါ်တွင်သော ဒေါ်စီစီ အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ မြေအကျယ် (၂၂x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဦးအောင်မြတ်မိုး [၁၂/တမန(နိုင်)၀၀၁၂၇၇]မှ အဆက်စပ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟန်ဝင်းနောင် [၉/ခမစ(နိုင်)၀၀၆၀၁၉]က အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ -** | **ညွှန်ကြားချက်အရ -** |
| **ဦးဟန်ဝင်းနောင်** | **ဒေါ်ခင်သူဇာဝင်း (LL.B)** |

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**
**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၆၃၂၂၀၉၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ ခွဲတပ်ကြပ်ကြီး ထွန်းထွန်းစိုး၊(ကိုယ်ပိုင်အမှတ်-၆၂၅၅၉၂)၊ မှတ်ပုံတင်အမှတ် [၁၂/တတန(နိုင်)၀၂၄၆၃၂]၊ အဖအမည် ဦးစိုးပိုင်အမည်ပေါက် ပါမစ်မြေကွက်အမှတ်-ပစ(င)၄၁၂၆အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်အေးအေးရီ၊ မှတ်ပုံတင်အမှတ်[၁၂/တတန(နိုင်)၀၂၅၀၂၂]အဖအမည် ဦးဝင်းမောင်မှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက် မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ခွဲတပ်ကြပ်ကြီးထွန်းထွန်းစိုး သေဆုံးခြင်း လက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အဦပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ(၁၁)လမ်းနှင့် အောင်ရတနာလမ်းထောင့်၊ အမှတ်(၃၀၇) ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၆)ထပ်တိုက် (ဆောက်လုပ်ဆဲအဆောက်အဦ)ရှိ အခန်းအမှတ် (B-2)၊ ပထမထပ်၊ အကျယ်အဝန်း (၁၇ ပေ x၅၄ ပေ)ခန့်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဦးကျော်ကျော် [၁၄/ဟသတ(နိုင်)၀၀၃၅၂၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)**
**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊Time Square Condo၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၉၆၅၁၇၈၀၁၈၊ ၀၉-၂၅၀၀၆၀၃၁၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ အရှေ့ရွှေဂုံတိုင်လမ်း၊ အောင်ချမ်းသာအိမ်ရာ၊ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၊ တိုက်အမှတ် (C)၊ အခန်း အမှတ်(၄၀၃)၊ စတုတ္ထထပ်၊ အကျယ်အဝန်း (၁၀၈၀)စတုရန်းပေခန့်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန စုပေါင်းပိုင်အဆောက်အအုံပိုင်ဆိုင်ခွင့်မှတ်ပုံတင် စာအုပ်တွင် ဗမကလှမောင်တင်(ငြိမ်း) (၈/ပခက(နိုင်)၀၄၂၅၉၂)အမည်ဖြင့် မှတ်သား ထားရှိပါသည်။ ဗမကလှမောင်တင်(ငြိမ်း)မှ တရားဝင်လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့် ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆို၍ ရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ဖြူဖြူစိုး (L.L.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၅၄)**
**တိုက်-၉/၁၁၊ အခန်း(၂၀၂/အေ)၊ ဒုတိယထပ်၊**
**၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## "အိမ်ခြံမြေ ဝယ်ယူမည်"ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အိသက်အောင် [၁၂/မရက(နိုင်)၁၃၂၀၂၂] သည် "ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ထောက်ကြန့်/၂/၁တိုးချဲ့ ရပ်ကွက်၊ နီလာလမ်း၊ မြေတိုင်းရပ်ကွက်/မြေကွက်အမှတ်-မင်္ဂလာဒုံ၊ ထောက်ကြန့်တိုးချဲ့၊ ၂/၁/၂၀၇၊ အိမ်အမှတ်-(၂/၁/၂၀၇)ဟုခေါ်တွင်သော အကျယ် (၂၅x၅၀)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် ရေ၊ မီး အစုံအလင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"တို့အား တရားဝင်ပိုင်ဆိုင်သူများဖြစ်သော "ဒေါ်လှလှဌေး [၁၂/မဂဒ(နိုင်)၀၇၈၅၄၃]၊ ဦးစိန်မြင့် [၁၂/မဂဒ(နိုင်)၀၇၇၅၅၄]၊ ဦးနေမျိုးသူ [၁၂/မဂဒ(နိုင်)၀၈၈၆၁၆]"တို့ထံမှ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်း စာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မေသန္တာသိန်း (LL.B)(စဉ် - ၁၄၅၉၈)** | **ဒေါ်ပွင့်သူဇာ(LL.B) (စဉ်-၁၄၅၉၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

